

# CBCM Herald

cbcmosc@gmail.com

ISSN ၁၉၅၁ ၅၂၅၈၀၈

(၁)ရက်၊ ဇွန်လ၊ ၂၀၁၆ ခုနှစ်။

စီဘီစီအမ် သတင်း အတွဲ(၁)၊ အမှတ်(၃)




ကမ္ဘာ့အငယ်ဆုံးနိုင်ငံ .. စာ (၃)



ကမ္ဘာ့သာသနာပြုနေ့ .. စာ (၅)





ဘာသာရေးခေါင်းဆောင်များကို လက်ခံတွေ့ဆုံ. ..စာ(၆)



မြန်မာနိုင်ငံ ငြိမ်းချမ်းရေး အတွက် ... စာ(၇)

## ဇွန်လအတွက် ရဟန်းမင်းကြီး၏ဆုတောင်းရန်ရည်ရွယ်ချက်

ရွှေ့ပြောင်းနေထိုင်သူများနှင့် အိုးအိမ်မဲ့ဒုက္ခသည်များကို သူတို့ရောက်ရှိသောနိုင်ငံတိုင်းက ရိုသေလေးစားခြင်းဖြင့် လက်ခံနိုင်ရန်။

လူငယ်များသည် ခရစ်တော်နှင့်ကိုယ်တိုင်ထိတွေ့ခြင်းအားဖြင့် ရဟန်းဘောင်(သို့)သူတော်စင်ဘောင်သို့ မိမိတို့၏ဘဝကို ပေးဆက်နိုင်ကြရန်။

ကမ္ဘာအရပ်ရပ်သို့သွားကြ၍ဧဝံဂေလိတရားတော်ကိုဟောပြောကြလော့။
(မာကု ၁၆း၁၅)




**CBCM Herald (သတင်း)**

**နာယက**
ဆရာတော်ပီတာလွိစ်ကျာခူ

**အယ်ဒီတာချုပ်နှင့်ထုတ်ဝေသူ**
ဖာသာရ် လီအို နိန်းခန့်မန်

**ထုတ်ဝေခွင့်အမှတ်**
၀၁၇၂၅

**အယ်ဒီတာအဖွဲ့ဝင်များ**
ဖာသာရ် ဂျိမ်းဘရန်ဂျာ
ဖာသာရ်စောလောရင်းစ်
ဖာသာရ်ဂီလျံစိုး
ဖာသာရ် ဩဂုတ်စတင်းရွှေ
ဖာသာရ် ဘရန်မိုင်

**ဖြန့်ချီရေးတာဝန်ခံများ**
အာနားလွန်း၊ ကိုလန်ဘန်
သာသနာ(၁၆)ခုနှင့် သူတော်စင်ဂိုဏ်းများမှ
လူထုဆက်သွယ်ရေးတာဝန်ခံများ

**ဒီဇိုင်းဖွဲ့စည်းပုံ**
စစ္စတာရ်ဒေါ်မိနစ်ဖန်၊ ရှိစ့်မေရီ

**ပုံနှိပ်တိုက်**
စိန်ဖေးဗီးယားပုံနှိပ်တိုက် (၀၀၂၆၂)
အမှတ်(၂၇)ဖဆပလရပ်ကွက်၊ ဂျိုးဖြူလမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

**CBCM Herald သတင်းစာရုံးခန်း**
မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများကျောင်း
လူထုဆက်သွယ်ရေးရုံးခန်း
၂၉၂(က)၊ ပြည်လမ်း၊ စမ်းချောင်း၊ ရန်ကုန်
ဖုန်း ၀၁ ၅၂၅၈၀၈
cbcmosc@gmail.com

**အတိုင်ပင်ခံများ**
CBCM အထွေထွေအတွင်းရေးမှူး၊
ငြိမ်းချမ်းရေးနှင့် တရားမျှတရေးကော်မရှင်၊
ကက်သလစ်ရှေ့နေများအဖွဲ့။

**ငွေလွှဲရန်**
ရိုးမဘဏ် နှင့် ကမ္ဘောဇဘဏ် မြေနီကုန်း၊ ရန်ကုန်။
နော်မြတ်နင်းထွေး (၁၄/ဟသတ(နိုင်)၂၄၆၀၉၅
မဒမ်ပိုက်လွန်း ၁၂/ဥကတ(နိုင်) ၁၅၇၃၃၂

## ကက်သလစ်ဆရာတော်ကြီးများဆိုင်ရာ သတင်းလွှာထုတ်ဝေခြင်း၏ ရည်ရွယ်ချက်များ

- ဧဝံဂေလိသတင်းကောင်းကို ထပ်ဆင့်သယ်ပိုးဆောင်ရွက်နိုင်စေရန်၊
- ရဟန်းမင်းကြီးနှင့် အသင်းတော်တစ်ခုလုံးဆိုင်ရာနောက်ဆုံးရသတင်းများကိုအချိန်မှီပို့ဆောင်နိုင်ရန်၊
- မြန်မာနိုင်ငံရှိသာသနာအသီးသီး၊သူတော်စင်ဂိုဏ်းအသီးသီးနှင့်CBCMကော်မရှင်အသီးသီးတို့သည်နီးကပ်စွာ ဆက်သွယ်နိုင်စေရန်၊
- မြန်မာနိုင်ငံသားများအားလုံးကိုကောင်းသောသတင်းများအချိန်မှီ(တစ်လတွင်နှစ်ခါ)ထုတ်ဝေရန်၊နောက်ပိုင်းတွင် အထူးသဖြင့်online ဖြင့်ပေးပို့နိုင်ရန်၊
- အာရှသမ္မာတရားလေလှိုင်းအသံ၏ သတင်းထုတ်လွှင့်ခြင်းများကို အထောက်အကူဖြစ်စေရန်၊

### စာစောင်အတွက်ဖိတ်ခေါ်ခြင်း

- CBCM Herald သတင်းစာဖတ်သူများ၏ ဝယ်ယူအားပေးမှုသည် ဤစာစောင်ကို ပုံမှန်ဆက်လက် ထုတ်ဝေနိုင်၍ ပိုမိုကောင်းမွန်တိုးတက်လာစေရန် အဓိကအသက်ဖြစ်ပါသည်။
- တစ်စောင်ကို(၃၀၀)ကျပ်ဖြစ်၍ တစ်လကိုနှစ်စောင်လျှင် (၅၀၀)ကျပ်၊ တစ်နှစ်စာကို (၆၀၀၀)ကျပ်ဖြင့် မိမိတို့နှင့်အနီးစပ်ဆုံး ကက်သလစ်ဆရာတော်ကြီးကျောင်းတိုက်ရှိ လူထုဆက်သွယ်ရေးရုံးတို့တွင် အားပေးနိုင်ပါသည်။
- ရန်ကုန်မြို့တွင် အားပေးသောစာဖတ်သူများအတွက်လည်း မိမိတို့၏ parishတိုင်းတွင် ပုံမှန်ရရှိနိုင်သကဲ့သို့ CBCM-OSC ရုံး(ဖုန်း ၀၁ ၅၂၅၈၀၈)သို့ ဆက်သွယ်ကာ အားပေးမှာယူနိုင်ပါသည်။
- သာသနာအသီးသီးမှသော်လည်းကောင်း၊ သူတော်စင်ဂိုဏ်းအသီးသီးမှသော်လည်းကောင်း၊ သတင်းများကို cbcmosc@gmail.com သို့ပေးပို့နိုင်ပါသည်။
- စာစောင်တွင်ကြော်ငြာများကိုလည်း ထည့်နိုင်သလို အလှူဒါနများကိုလည်း ကြိုဆိုလက်ခံနေပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။ အယ်ဒီတာချုပ်

# တရုတ်ပြည်ကက်သလစ်ဘာသာဝင်များအတွက်ဆုတောင်းပေးရန်

ရဟန်းမင်းကြီးဖရန်စစ်က တရုတ်ပြည်ကက်သလစ်ဘာသာဝင်များအတွက် ဆုတောင်းပေးကြရန် တိုက်တွန်းခဲ့ပါသည်။

မေလ(၂၄)ရက်နေ့သည် တရုတ်ကက်သလစ်ဘာသာတူများအတွက် အထူးဆုတောင်းပေးရန်၊ ရဟန်းမင်းကြီးဘေနဒစ်(၁၆) က (၂၀၀၇)ခုနှစ်တွင် သတ်မှတ်ပေးထားခဲ့ပါသည်။ ရဟန်းမင်းကြီးဖရန်စစ်သည်လည်း အစဉ်အလာကိုဆက်လက် ထိန်းသိမ်းသည့်အနေဖြင့် ထိုနေ့တွင်တရုတ်ပြည် ကက်သလစ်ဘာသာတူများအတွက် အထူးဆုတောင်းပေးကြရန် ၂၂၊၅၊၂၀၁၆နေ့လယ် အန်ဂျေလူးမေတ္တာဆိုချိန်၌ စိန်ပီတာရင်ပြင်တွင် ရောက်ရှိနေကြသော ဘုရားဖူးများအားတိုက်တွန်းခဲ့ပါသည်။

တရုတ်ပြည်ရှိ ကက်သလစ်ဘာသာတူများကြုံတွေ့ရသော အခြေအနေအရပ်ရပ်ကို ဘုရားသခင်တည်ရှိနေခြင်း၏ အမှတ်လက္ခဏာအဖြစ် ဆန်းစစ်နိုင်ကြရန်၊ ဘုရားသခင်သည် အစဉ်လက်ကမ်းကြို၍ ခွင့်လွှတ်တတ်ကြောင်း၊ ယခုနှစ်သည် ဘုရားသခင်၏ သနားကြင်နာခြင်း ထူးခြားဂျူဘီလီနှစ်လည်းဖြစ်ရာ တရုတ်ပြည် ကက်သလစ်ဘာသာဝင်များအပြင် အခြားသော ဘာသာဝင်တရုတ်လူမျိုးများသည်လည်း ချစ်ခြင်းနှင့်ကြေအေးခြင်း၏ လက္ခဏာဖြစ်လာစေရန်၊ တွေ့ဆုံဆွေးနွေးခြင်း ယဉ်ကျေးမှုကို တိုးမြှင့်လုပ်ဆောင်နိုင်ကြရန်၊ ဤယဉ်ကျေးမှုသည် တရုတ်လူမျိုးတို့ အလွန်နှစ်သက် မြတ်နိုးသော ယဉ်ကျေးမှုတစ်ရပ်လည်းဖြစ်ကြောင်း မိန့်ကြားခဲ့ပါသည်။

မေလ (၂၄)ရက်နေ့သည် ခရစ်ယာန်တို့အား မှီငြမ်းမသောသခင်မပွဲနေ့လည်းဖြစ်ရာ၊ အဆိုပါပွဲကို ရှန်ဟိုင်းပြည်နယ်ရှိ Sheshan မြို့တွင်ကျင်းပမည်ဖြစ်ပါသည်။ (ကိုပိုက်)

(Pope Praying Chinese Catholics Will Always See God’s Presence Posted by Kathleen Naab on 22 May, 2016)

## ဇွန်လအတွက် ရဟန်းမင်းကြီး၏ဆုတောင်းရန်ရည်ရွယ်ချက်

**တစ်ကမ္ဘာလုံးအတွက်။**
ရွှေ့ပြောင်းနေထိုင်သူများနှင့် အိုးအိမ်မဲ့ဒုက္ခသည်များကို သူတို့ရောက်ရှိသောနိုင်ငံတိုင်းက ရိုသေလေးစားခြင်းဖြင့် လက်ခံနိုင်ရန်။

**ဧဝံဂေလိတရားတော်ပြန့်ပွားစေရန်။**
လူငယ်များသည် ခရစ်တော်နှင့် ကိုယ်တိုင်ထိတွေ့ခြင်းအားဖြင့် ရဟန်းဘောင် (သို့မဟုတ်) သူတော်စင်ဘောင်သို့ မိမိတို့၏ဘဝကို ပေးဆက်နိုင်ရန်။





# ကမ္ဘာ့အငယ်ဆုံးနိုင်ငံ(ဗာတီကန်စီးတီး)

ကမ္ဘာ့အကြီးဆုံးနိုင်ငံဆိုလျှင် ရုရှားနိုင်ငံကို ချက်ချင်းအမှတ်ရပြီးမှတ်မိလွယ်ကြသော်လည်းအငယ်ဆုံးနိုင်ငံမှာမူ ချက်ချင်း အမှတ်မရတတ်ကြပါ။

ကမ္ဘာပေါ်တွင် ကိုယ်ပိုင်နယ်မြေ ကိုယ်ပိုင်လွတ်လပ်ခွင့် နှင့် ကိုယ်ပိုင်အုပ်ချုပ်ရေးဥပဒေအရ အုပ်ချုပ်သည့်နိုင်ငံများထဲတွင် ဗာတီကန်သည် အငယ်ဆုံးနိုင်ငံအဖြစ် မှတ်တမ်းဝင်ထားပါသည်။

ဗာတီကန်စီးတီးမှာ မြို့တော်နှင့် နိုင်ငံတစ်ခုတည်းဖြစ်ပြီး အီတလီနိုင်ငံရောမမြို့အတွင်း၌ တံတိုင်းကာ၍ တည်ရှိသော ကမ္ဘာ့အငယ်ဆုံးနိုင်ငံ (ကုန်းတွင်းပိတ်နိုင်ငံ)တစ်ခုဖြစ်သည်။

ဧရိယာ အကျယ်အဝန်း ၄၄ ဟက်တာ (၁၁၀ဧက)မျှ ရှိပြီး လူဦးရေ ၁၀၀၀ ခန့်မျှရှိသည်။ ကမ္ဘာ့အငယ်ဆုံး အချုပ်အခြာ အာဏာပိုင်နိုင်ငံဖြစ်ပြီး သမိုင်းတစ်လျှောက် ဆွစ်ဇာလန် လုံခြုံရေးတပ်များ တာဝန်ယူလာသည့်ကိုယ်ပိုင် စစ်တပ်လည်းရှိသည့် အာဏာပိုင်နိုင်ငံ တစ်ခုလည်းဖြစ်ပါသည်။

ရုံးသုံးဘာသာစကားမှာ အီတလီဖြစ်ပြီး ကိုယ်ပိုင်တယ်လီဖုန်းကုမ္ပဏီ၊ ရေဒီယို၊ ရုပ်မြင်သံကြားဌာန၊ ငွေကြေးနှင့် တံဆိပ်ခေါင်းလုပ်ငန်းများ တည်ရှိသောနိုင်ငံငယ်လေးဖြစ်သည်။နေ့အခါတွင်မြို့တံခါးဖွင့်ကာ အဝင်အထွက်ရှိသော်လည်း ညအခါတွင် နိုင်ငံနယ်နိမိတ်တံခါးကို ပိတ်ထားလေ့ရှိသည်။

နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်သည် ပုပ်ရဟန်းမင်းကြီးဖြစ်ပြီး အဓိက စီးပွားရေးလုပ်ငန်းမှာ ခရီးသွားလုပ်ငန်းဖြစ်သည်။ နှစ်စဉ်နှစ်တိုင်း ခရီးသွား ၈-၁၂သန်းခန့် ဗာတီကန်မြို့လေးကို လာရောက်လည်ပတ်လေ့ရှိကြကာ ထိုမြို့လေးထဲတွင် ကက်သလစ်သာသနာအတွက်အလေးထားရာ အဆောက်အဦးများ၊ စာကြည့်တိုက်၊ ရှေးဟောင်း ယဉ်ကျေးမှုပြတိုက်များ ရှိနေပါသည်။ ထို့နောက်အလယ်ပိုင်းဥရောပခေတ်၏ ရီမန်ဗိသုကာ လက်ရာ၊ ရှေးဟောင်းအဆောက်အဦးပေါင်းများစွာကို ရှေးမူမပျက်ထိန်းသိမ်းထားရှိပြီးထိုအဆောက်အဦးဘုရားကျောင်းများကမ္ဘာ့ခရီးသွားများကိုလာရောက်လေ့လာနိုင်အောင်စွဲဆောင်နိုင်သည်။

နိုင်ငံတွင်းတွင်ယုံကြည်စိတ်ချရသည့် ဘဏ်လုပ်ငန်းရှိသည့်အပြင်၊ ကမ္ဘာတဝှမ်းကို ဖြန့်ဖြူးရောင်းချပေးနေသောတံဆိပ်ခေါင်း လုပ်ငန်းလည်းရှိနေပါသည်။

နေ့စဉ်နေ့တိုင်း ပုပ်ရဟန်းမင်းကြီးရှိရာ ဗာတီကန်မြို့ကို လာရောက်ကြသည့် လူပေါင်းသောင်းဂဏန်းခန့် ကိုစိန့်ပီတာရင်ပြင်တွင် တစ်စုတစ်ဝေးတည်း တွေ့နိုင်သည်။ ၁၉၂၉ ဖေဖော်ဝါရီလ (၁၁)တွင် အီတလီနိုင်ငံ၏ အချုပ်အခြာမှခွဲထွက်ကာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရခဲ့သည့်ဗာတီကန်နိုင်ငံသည် ကမ္ဘာ့အငယ်ဆုံးနိုင်ငံအဖြစ် မှတ်တမ်းဝင်ခဲ့သည်မှာနှစ်ပေါင်းတစ်ရာပြည့်မည်ဖြစ်ပါသည်။

**Credit . .သုတကြယ်စင်**

# ဗာတီကန်၏လျှို့ဝှက်မော်ကွန်းများ

**ဗာတီကန် မော်ကွန်းများကို မည်သူပိုင်သနည်း။**

ရဟန်းမင်းကြီးသည် ဗာတီကန်ကို တိုက်ရိုက်အုပ်ချုပ်သောကြောင့် သူပုံလွှန်တော်မူသည့်တိုင် သူနှင့်သာ တိုက်ရိုက်သက်ဆိုင်သည်။

**မော်ကွန်းတွင် မည်သည့်အကြောင်းအရာများပါဝင်သနည်း။**

ပုပ်ရဟန်းမင်းကြီးနှင့် ဆိုင်သောစာအုပ်များ၊ စာရင်းဇယားများ၊ ရာစုနှင့်ချီပြီးပြုစုထားသော အသင်းတော်၏ မှတ်တမ်းများ ပါဝင်သည်။

**မော်ကွန်းများ ဘယ်မှာရှိသနည်း။**

(၁၇)ရာစုရဟန်မင်းကြီးပဥ္စမမြောက် ဂွန်ပေါလ်လက်ထက်တွင်တစ်ချို့သော မော်ကွန်းများကို (၁၈၈၁) ခုနှစ်အထိ ဗာတီကန်စာကြည့်တိုက်တွင် ထားရှိပြီး ပညာရှင်အချို့ လာရောက်လေ့လာခဲ့သည်။ သို့သော်ပုပ်ရဟန်းမင်းကြီး Leo(XIII)လက်ထက်တွင် မြောက်များစွာသောပညာရှင်များ နေ့စဉ်နေ့တိုင်း လာရောက် လေ့လာကြသည်ဟု သိရပါသည်။ CBCM-osc

# ကမ္ဘာ့လူထုဆက်သွယ်ရေးနေ့တွင်ရဟန်းမင်းကြီးကိုယ်တိုင်မှတ်တမ်းတင်စာရေးပေးခြင်း

ရဟန်းမင်းကြီးဖရန်စစ်အရှင်သူတော်မြတ်က (၅၀)ကြိမ်မြောက် ကမ္ဘာ့လူထုဆက်သွယ်ရေးနေ့တွင် ကက်သလစ်လူထုဆက်သွယ်ရေး လုပ်ဆောင်နေသူများအားလုံးကို ကိုယ်တော်တိုင် လက်ရေးဖြင့်ရေးသားသည့် စာပိုဒ်တိုလေးနှင့် အားပေးနှုတ်ဆက်ခဲ့ပါသည်။ ထိုအားပေးစကားများကို ရဟန်းမင်းကြီး၏ Twitter နှင့် Instagram စာမျက်နှာများတွင်လည်း ထည့်သွင်းထားပါသည်။ စာစောင်ထဲတွင် "ကျွန်ုပ်၏ဆုတောင်းခြင်းနှင့် ကောင်းချီးမင်္ဂလာကို တောင်းခံနေကြသည့် ဒီဂျစ်တယ်ခေတ်တွင်ရှိနေသောသူအပေါင်းတို့ အဖခမည်းတော်ထံတော်မှဆုတောင်းသောကြီးမားသည့်ဆုကျေးဇူးတော်သည် သင်တို့အားလုံးအတွက်ဖြစ်ပါသည်။ ဧဝံဂလိတရားတော်၏ သနားကြင်နာခြင်းအတွက် အစေခံသောသူဖြစ်စေပါမည့်အကြောင်း ကျွန်ုပ်အတွက်ဆုတောင်းပေးကြဖို့လည်းမမေ့ကြနှင့်ဦးနော" ဟုရေးသားထားပါသည်။(CBCM-osc)




# အီတလီနိုင်ငံကက်သလစ်ဆရာတော်ကြီးများ၏ အထွေထွေညီလာခံ

ရဟန်းမင်းကြီး ဖရန်စစ်အရှင်သူမြတ်က အီတလီနိုင်ငံကက်သလစ်ဆရာတော်ကြီးများ၏(၆၉)ကြိမ်မြောက်အထွေထွေညီလာခံကို၁၆၊၅၊၂၀၁၆ရက်နေ့တွင်ဦးဆောင်ကျင်းပပေးခဲ့သည်။ အထွေထွေညီလာခံ၏ ဦးတည်ချက်မှာ ရဟန်းတော်များအား ဘဝရေ့ဆက်မွမ်းမံသင်တန်းဖြင့်ပြန်လည်ဆန်းသစ်စေရန်ဖြစ်ပါသည်။ရဟန်းမင်းကြီးဖရန်စစ်ကညီလာခံတက်ရောက်နေကြသောဆရာတော်ကြီးများအား "ရဟန်းတော်များကို နားထောင်၍သူတို့၏ အကျင့်ပုံစံတို့ကိုသင်ယူရန်၊ ယနေ့တွင် ဘုန်းတော်ကြီးများ၏ ပုံရိပ်များကိုသမရိုးကျထောက်ရှုကာစဉ်းစားခြင်းထက်သူတို့အား နားထောင်ပေးတတ်ရန် အစဉ်သင့်ဖြစ်စေလိုကြောင်း၊ သာသနာနယ်အသီးသီးတွင် မိမိတို့၏ဘဝကို ပေးဆက်နေကြသည့်မြောက်မြားစွာသော ဘုန်းတော်ကြီးများကို အာရုံပြုကြရန်လိုအပ်ကြောင်း၊ ဘဝအသက်တာကို မည်သည့်အရာက အဓိပ္ပါယ်ရှိစေသနည်း၊မည်သူနှင့်မည်သည့် အကြောင်းကြောင့် ဘဝကိုဆက်ကပ် အစေခံနေသနည်း၊ သူ့ဘဝ၏ ပေးဆပ်ခြင်းအကြောင်းရင်းက ဘာလဲဟုစမ်းစစ်လေ့လာသင့်ကြောင်း" မိန့်ကြားခဲ့ပါသည်။ ဘုရားသခင်နှင့် စစ်မှန်သော ရင်းနှီးမှုရှိခြင်း၊ရဟန်းတော်များ၏ရဲစွမ်းသည့်ဦးစီးဦးဆောင်ခြင်းကို ပြန်လည်မြင်တွေ့ရန်၊ သူတို့သည် သာသနာတော်ကြီး၏ အခြေခံသာသနာပြုခြင်းအမှုတော်များထမ်းဆောင်နေသူများဖြစ်ကာခရစ်ယာန်အသက်တာ၏ အဓိကဗဟိုအချက်အခြာလည်းဖြစ်နေကြောင်း၊ နောက်ဆုံးတွင် အသင်းတော်တစ်ခုလုံး၏ လုပ်ငန်းနှင့်လူတိုင်း၏တာဝန်မှာဘုရားသခင်၏နိုင်ငံတော်အတွက် ရဟန်းတော်များကဲ့သို့ အစေခံကြရန် ခေါ်တော်မူခြင်းခံကြရဟု ပုပ်ဖရန်စစ် အရှင်သူမြတ်က မိန့်ကြားခဲ့ကြောင်း ဗာတီကန် သတင်းအရ သိရှိရပါသည်။ (CBCM-osc)

## ဂျပန်မင်းသားမင်းသမီးတို့နှင့်တွေ့ဆုံခြင်း



## ခြေလက်အင်္ဂါအတုများကိုဖန်တီးပြုလုပ်ပေးသည့် အထက်တန်းကျောင်းသားများ



၁၂၊၅၊၂၀၁၆ရက်နေ့တွင် ရဟန်းမင်းကြီးဖရန်စစ်အရှင်သူမြတ်က အာဖရိကတွင်ခြေလက်အင်္ဂါပျက်စီးသော ကလေးများအတွက် 3Dပန်းချီကားဖြင့် ခြေလက်အင်္ဂါအတုများကို ဖန်တီးပြုလုပ်ပေးသည့် အထက်တန်းကျောင်းသားများကို တွေ့ဆုံတော်မူခဲ့ပါသည်။ ထိုကျောင်းသားများမှာ အသက် ၇ နှစ်မှ ၁၉နှစ်အရွက် ကျောင်းသားများဖြစ်ကြကာ ယူကန်ဒါနိုင်ငံနှင့်ကွန်ဂိုနိုင်ငံရှိဆေးရုံတို့တွင် စက်ရုံငယ်နှစ်ခု တည်ဆောက်ရန် “Crowd4Africa” စီမံချက်ဖြင့် ရည်ရွယ်ထားလျက်ရှိကြောင်း၊ ထိုစီမံကိန်းက ပုလင်းအဖုံးများနှင့် စွန့်ပစ်ပစ္စည်းများဖြင့်ခြေလက်အင်္ဂါအတုများကိုတီထွင်ဖန်တီးထားခြင်းဖြစ်သည်။

## တရုတ်ပြည်အတွက်ဆုတောင်းပေးပါ...




## သာသနာပြုများသည်ဓမ္မအာဇာနည်များဖြစ်သည်..



## စားပွဲတင်တင်းနစ်စ်လက်ခံရရှိခြင်း

၁၂၊၅၊၂၀၁၆ရက်နေ့တွင် ရဟန်းမင်းကြီးဖရန်စစ်အရှင်သူတော်မြတ်အတွက် အထူးပြုလုပ်ထားသော စားပွဲတင်တင်းနစ်စ်နှင့် ဘက်တံတို့ကို UnPlug NPlayနေ့




ဟူသောအမှတ်တရအတွက်လက်ခံရရှိခဲ့ပါသည်။ရည်ရွယ်ချက်မှာထိုနေ့ရက်တွင် မိသားစုတိုင်းသည် မိမိတို့၏ ကွန်ပျူတာများ၊ မိုဘိုင်းဖုန်းများနှင့် အခြားသောစက်ပစ္စည်းများကိုထားခဲ့ကာ မိမိတို့၏မိသားစုဝင်များနှင့်ချစ်ခြင်းကို ဖလှယ်သောနေ့၊ ပျော်ရွှင်သောနေ့ဖြစ်စေရန်ဖြစ်ပါသည်။



၂၂၊ ၅၊၂၀၁၆နေ့တွင် ရဟန်းမင်းကြီးဖရန်စစ်အရှင်သူတော်မြတ်က Grand Imam of Al-Azhar, Sheik Ahmed Muhammad Al-Tayyib ကိုခင်မင်ရင်နှီးစွာဖြင့်လက်ခံတွေ့ဆုံ

# သာသနာပြုရန်အတွက်ဖိတ်ခေါ်ခြင်း

သန့်ရှင်းသော ဂိညာဉ်တော် ဘုရားပွဲတော်နေ့တွင် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အရှင်သူမြတ်က ကမ္ဘာ့သာသနာပြုနေ့အတွက်သတင်းစကားကိုကြေငြာခဲ့သည်။

သနားကြင်နာခြင်း ဂျူဘီလီနှစ်သည် တစ်မူထူးခြားစွာဖြင့် ကမ္ဘာကြီးအတွက် သာသနာပြုများဖြစ်ကြရန် ခေါ်ဖိတ်နေခြင်းဖြစ်ကြောင်း၊ ဂိညာဉ်နှင့်ကာယနှစ်ဖြာအတွက်၊ ကြီးမြတ်သောသနားကြင်နာခြင်းထားကာ နောက်လိုက် သာသနာပြုများအဖြစ် ကမ္ဘာကြီးထဲသို့ ထွက်ကြရန်ကိုင်း၊ မိမိတို့တတ်ကျွမ်းရာများ၊ ဉာဏ်ပညာများ၊ အတွေ့အကြုံများတို့ဖြင့် လူသားများအားလုံး ကောင်းကျိုးအတွက်ရက်ရောစွာ အချိန်ပေးကာ၊ ဘုရားရှင်၏ သနားကြင်နာခြင်းနှင့် နူးညံ့သိမ်မွေ့ခြင်းကို ကမ္ဘာကြီးထဲသို့ သယ်ဆောင်ဖြန့်ဝေကြရန် လိုအပ်ပါကြောင်း သာသနာပြုတို့၏ ပါရမီများအားဖြင့် ဧဝံဂေလိ သတင်းကောင်းကို ကြားသိခြင်းမရှိ သေးသူများအတွက် အသင်းတော်ကြီးက ကရုစိုက်စောင့်ရှောက်လျှက်ရှိပြီးဘုရားရှင်၏ချစ်ခြင်းမေတ္တာတော်ကို လူသားတိုင်းကြားသိတွေ့ကြုံနိုင်စေရန်၊ကယ်တင်နိုင်ရန် ကရုပြုလျှက်ရှိနေကြောင်း ပုပ်ရဟန်းမင်းကြီး အရှင်သူမြတ်သည် အသင်းတော်ကြီးထဲ၌ အမျိုးသမီးသာသနာပြုများ၏ အရေးပါမှုကိုမြွက်ကြားကာ ၎င်းတို့၏ သာသနာလုပ်ငန်းတို့သည် ဘုရားရှင်၏ မိခင်မေတ္တာတော်အမှတ်လက္ခဏာပင်ဖြစ်သည်ဟု ဆိုပါသည်။ ပညာရေး၏ အရေးပါပုံကိုလည်း အရှင်သူမြတ်က မြွက်ဆိုခဲ့ပြီး ဘုရားသခင်၏မေတ္တာတော်ကို မသိနားမလည်သေးသူများအတွက်၊ ဘုရား၏ သန့်ရှင်းသော ပုဂ္ဂိုလ်၊ အစေခံသားသမီးများအနေဖြင့် မိခင်မေတ္တာပေးမှုကာ သနားကြင်နာခြင်းဖြင့်အစေခံဆက်ကပ်နိုင်ကြရန်ကိုလည်း မျှော်လင့်ပါကြောင်း လူမျိုးတိုင်း ယဉ်ကျေးမှုတိုင်းတွင် ဘုရားရှင်၏ မေတ္တာတော် ကယ်တင်ခြင်းသတင်းကောင်းကို ခံစားရရှိစေရန် အခွင့်အလမ်းရှိကြောင်း၊ ဘုရားရှင်ကလူတိုင်းအတွက်ပေးသော လက်ဆောင်တော်ဖြစ်ကြောင်း၊ထို့ကြောင့်ကမ္ဘာအရပ်ရပ်သို့သွားကာ ဧဝံဂေလိသတင်းကောင်းဟောကြားရန် ခရစ်တော်သွန်သင်ခဲ့ခြင်းဖြစ်သည်ဟု အရှင်သူမြတ်က ဆိုပါသည်။

ကမ္ဘာ့သာသနာပြုနေ့ သည် ၂၀၁၆ခုနှစ် အောက်တိုဘာလတွင်ကျရောက်မည်ဖြစ်ပါကြောင်း ဗာတီကန်ရေဒီယိုမှ သတင်းရရှိပါသည်။ R.V.A

# ယူကရိန်းကလေးသူငယ်များနှင့်တွေ့ဆုံခြင်းသတင်း



၁၈၊ ၅၊ ၂၀၁၆ ရက်နေ့ ကမ္ဘာ တစ်ဝှမ်းမှကလေးသူငယ်များအတွက် ငြိမ်းချမ်းခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းမှဦးစီးကာ ယူကရိန်းမှကလေးသူငယ်များအား၊ ဗာတီကန်သို့ ခေါ်ဆောင်လာခဲ့သည့်အတွက် ပုပ်ရဟန်းမင်းကြီးဖရန်စစ်အရှင်သူမြတ်ကလက်ခံတွေ့ဆုံနှုတ်ဆက်ခဲ့ပါသည်။

ယူကရိန်းအရှေ့ပိုင်းတွင် ဆက်လက်ဖြစ်ပွားလျှက်ရှိသော ပဋိပက္ခများ၏ရလဒ်ဖြစ်သည့် ခိုကိုးရာမဲ့နေသူများ၊ မိဘမဲ့များနှင့် ကလေးသူငယ်များတို့အား ကျွန်ုပ်၏ချစ်ခြင်းမေတ္တာအပြည့်ဖြင့် ထွေးပိုက်ပါတယ်ဟု စိန့်ပီတာရင်ပြင်တော်၌ ရောက်ရှိနေကြသော ယူကရိန်းမှကလေး သူငယ်(၈၀)တို့အား အရှင်သူမြတ်က မြွက်ကြားခဲ့ကာ အနာဂတ်မျိုးဆက်သစ်များ ပင်ပန်းနွမ်းနယ်မှုများ ပြေလျော့ကာ ငြိမ်းချမ်းခြင်းကို ရှာဖွေတွေ့ရှိနိုင်ရန်၊ သန့်ရှင်းသော မိခင်မယ်တော်၏ကြားဝင်တောင်းလျှောက်ပေးခြင်းအားဖြင့် ကျွန်ုပ်၏ဆုတောင်းမေတ္တာကို အသစ်တစ်ဖန်ပြုပါပြီဟုလည်း အရှင်သူမြတ် ကဆိုပါသည်။

ကမ္ဘာတစ်ဝှမ်းမှကလေး သူငယ်များအတွက် ငြိမ်းချမ်းခြင်းစီမံ ကိန်းသည် ကမ္ဘာတစ်ဝှမ်းလုံး ငြိမ်း ချမ်းရေးကို ရည်ရွယ်ပါကြောင်း၊ ယူကရိန်းမှ ကလေးသူငယ်များကို အာရုံစိုက်လျှက်၊ မြေပုံကိုအသုံးပြုကာ၊စက္ကူများဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးချိုးငှက်ပုံ၌ ကလေးများသည် ၎င်းတို့၏ ဆန္ဒများတို့ကိုထုတ်ဖော်ရေးသားခဲ့ကြကြောင်း ထိုအစီအစဉ်ကို ၂၀၁၅ ခုနှစ်ဒီဇင်ဘာလ(၁)ရက်နေ့တွင် ယူကရိန်းနိုင်ငံ၊ ဟန်ဂေရီသံရုံးတွင် စတင်ခဲ့သည်။

ယူကရိန်းပဋိပက္ခများသည် ၂၀၁၃ခုနှစ် နိုဝင်ဘာလကတည်းက စတင်ခဲ့ခြင်းဖြစ်ကာ ထောင်ပေါင်းများစွာသော ကလေးငယ်များ၊ သန်းနှင့်ချီသည့်မိသားစုများ အိုးအိမ်မဲ့ကာဒုက္ခတွေ့ခဲ့ရကြောင်း ဧပြီလတွင်ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အရှင်သူမြတ်က ယူကရိန်ငြိမ်းချမ်းရေးအတွက်တောင်းဆိုခဲ့ပြီး ယူကရိန်းမှ သာသနာစီရင်စုများတို့အား၎င်းဒုက္ခသည်များအတွက် အလှူငွေစုဆောင်းကြရန် ကိုလည်း မြွက်ကြားနှိုးဆော်ခဲ့သည်ဟုဗာတီကန်ရေဒီယိုမှသတင်းရရှိပါသည်။

**(CBCM-osc)**

# ဗုဒ္ဓဘုရားပွဲတော်ကြီးအပေါ် ဆရာတော်ကြီး၏ အားပေးစကား

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ မေလ (၁၄)ရက်နေ့တွင် ကျင်းပသော(Vesak)ခေါ် ဗုဒ္ဓဘုရားပွဲတော်ကြီးတွင် တောင်ကိုရီးယားကက်သလစ်ဂိုဏ်းချုပ်ဆရာတော်ကြီးHyginus Kim Hee-Joong သွားရောက်မိန့်ခွန်းပြောခဲ့ပါသည်။ "ချစ်ခြင်းကိုအခြေခံ၍ ဗုဒ္ဓနှင့်ကက်သလစ်ခရစ်ယာန်တို့ ပူးပေါင်းပြီး ရင်းနှီးစွာနှင့် ငြိမ်းချမ်းရေး တည်ဆောက်ကြရန်၊ ဘာသာရေးနှင့် လောကီရေးရာပေါင်းစပ်ကာ အကျိုးရှိစွာ ဖလှယ်နိုင်ကြရန်၊ချစ်ခြင်း၊ သနားခြင်းတို့ကိုအခြေခံမှသာလျှင် လူမှုရေးဆိုင်ရာပြဿနာများကိုဖြေရှင်းနိုင်မှာဖြစ်ပါတယ်"ဟုမိန့်ကြားခဲ့ပါသည်။

ဆရာတော်ကြီးသည် လွန်ခဲ့သော မေလ(၆)ရက်နေ့တွင် (Jeolla) နယ်တောင်ဘက်ခြမ်းရှိ(Songgwan-gsa)ဗုဒ္ဓဘုန်းကြီးကျောင်းသို့လည်းသူ၏သတင်းစကားကို သွားရောက်ချီးမြှင့်တော်မူခဲ့သည်။

ထို့နောက် သမ္မာကျမ်းစာတော်မြတ်နှင့် သခင်ယေရှု၏ နောက်ဆုံးညစာစားပွဲပုံ ပန်းချီကားချပ်ကြီးကို လက်ဆောင်အဖြစ်ပေးအပ်ခဲ့ကြောင်း (UCAN) သတင်းမှ သိရှိရပါသည်။

(CBCM-osc)

## ဖိလစ်ပိုင်သမ္မတသစ် Rodrigo Duterte

မေလ(၉)ရက်နေ့ဖိလစ်ပိုင်သမ္မတ အသစ်ရွေးကောက်ပွဲတွင် Rodrigo Duterte မဲဆန္ဒအပြတ်အသတ်အနိုင်ရရှိမှုနှင့်ပတ်သက်၍ ဖိလစ်ပိုင်ဆရာတော်များက စာချွန်တော်တစ်စောင် ထွက်ဆိုခဲ့သည်။ ထိုစာချွန်တော်တွင် ဆရာတော်များက နိုင်ငံရေးနှင့်ဌာနဆိုင်ရာရုံးများ၌ ပါဝင်ပတ်သက်ခြင်း ပြုမည်မဟုတ်ကြောင်း၊ သခင်ခရစ်တော်၏တပည့်တော်များကဲ့သို့ နိုင်ငံရေးတွင် မပါဝင်ကြသော်လည်း ကက်သလစ်ဘာသာတူများကို ဘဝနှင့်ဆိုင်သော အခြေခံမှုများ၊ လိုအပ်ချက်များ၊ သစ္စာရှိသောနိုင်ငံသားများနှင့် ကက်သလစ်ဘာသာဝင်များ ဖြစ်လာစေရန် နှိုးဆော်သတိပေးမည် ဖြစ်ကြောင်း ပါဝင်သည်။ ဆရာတော်များသည် သမ္မတအသစ်နှင့် ပူးပေါင်းကာ အားငယ်သူများကိုအားပေးရန်၊ ဆင်းရဲသားများကို အစေခံရန်နှင့် အများကောင်းကျိုးအတွက် ပူးတွဲလုပ်ဆောင်မည်ဟု သိရသည်။ သမ္မတအသစ် Rodrigo Duterte သည် ဖိလစ်ပိုင်(Davao)မြို့မှဖြစ်ပြီးအကြမ်းဖက်မှုများနှင့် ခိုးစားမှုများကို နှစ်ပေါင်းများစွာတိုက်ထုတ်နိုင်ခဲ့သူဟု UCAN သတင်းအရသိရပါသည်။ (CBCM-osc)

## မလေးရှားရဲတပ်ဖွဲ့နေ့

မေလ(၃၁)ရက်နေ့တွင် မလေးရှားရဲတပ်ဖွဲ့နေ့ (၂၀၉)အကြိမ်မြောက် အထိမ်းအမှတ်ကျင်းပခဲ့သည်။ တော်ဝင်မလေးရှားရဲတပ်ဖွဲ့(PDRM)က မလေးရှားနိုင်ငံသားများ၊ ခရစ်ယာန်များ ဘေးကင်းလုံခြုံအောင်မြင်မှုရှိစေရန်၊ ယုံကြည်သူအပေါင်းသုခချမ်းသာရစေရန် ကွာလာလမ်ပူကက်သလစ်ဘုရားကျောင်းတွင် ဆုတောင်းပဌနာအခမ်းအနား ကျင်းပခဲ့ကြပါသည်။

ထိုဆုတောင်းခြင်းအခမ်းအနားကို ကွာလာလမ်ပူကက်သလစ်ဆရာတော်ကြီး ဂျူလီယာန် Leow Bengက ဦးဆောင်ပေးခဲ့ကြောင်း၊ မလေးရှားရဲအရာရှိများနှင့် ရဲတပ်ဖွဲ့လေ့ကျင့်ရေးစင်တာအဖွဲ့ဝင်များ(PULAPOL)နှင့်မြို့တော်တစ်ဝိုက်ရှိရဲစခန်းများမှ ဆုတောင်းခြင်းတွင် ပါဝင်တက်ရောက်ခဲ့ကြသည်။

ဆရာတော်ကြီး ဂျူလီယာန် Leow က ရဲတပ်ဖွဲ့များအား ဩဝါဒမိန့်ကြားဆုတောင်းပေးရင်း အားပေးဂုဏ်ပြုစကားများမိန့်ကြားရာတွင် "သင်တို့အားလုံးအတွက်ဂုဏ်ယူပါတယ်။တိုင်းပြည်အတွင်းလုံခြုံရေးအများပြည်သူနှင့်ကျွန်ုပ်တို့အားကာကွယ်စောင့်ရှောက်ပေးကြသော ရဲတပ်ဖွဲ့ဝင်များ၏ ဝန်ဆောင်မှုများအတွက် ကျေးဇူးတင်ပါတယ်" ဟု မိန့်ကြားခဲ့သည်။ https://m.facebook.com/story.php

## ဝိညာဉ်ရေးရာ အသက်တာနှင့်ယုံကြည်ခြင်းတွင်ခိုင်မာရန်မြွက်ကြားခြင်း



စင်္ကာပူနိုင်ငံ ဂိုဏ်းချုပ်ဆရာတော်ကြီးဂီလျံ(မ်)ဂို William Goh က မေလ ၁၅ ရက်နေ့သန့်ရှင်းသော ဂိညာဉ်တော်ပွဲနေ့တွင် ခရစ်တော်အတွက် ဂုဏ်ယူပမ်းမြောက်ကြရန်နှင့် ဘာသာဝင်ဖြစ်ရခြင်း၏ ကတိများကို ပြန်လည်ဆန်းသစ်စေရန် အားပေးတိုက်တွန်းခဲ့ပါသည်။ ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို စိန်ခေါ်ခြင်းခံရသည့်အခါတွင်လည်းကောင်း၊ ဂုဏ်သရေဖျက်၍ သရော်ခြင်းခံရသည့်အခါတွင်လည်းကောင်း ကိုယ်နှင့်မသက်ဆိုင်သကဲ့သို့ ရပ်ကြည့်မနေသင့်ကြောင်း၊ စင်္ကာပူနိုင်ငံသားဖြစ်၍ ဂုဏ်ယူသကဲ့သို့ ကက်သလစ်တစ်ဦးအနေဖြင့်ခရစ်တော်ယေရှုအတွက်မားမားမတ်မတ်ရပ်တည်ရန်လိုကြောင်း၊ ချစ်ခြင်းနှင့်အမှန်တရားအတွက် တစ်လုံးတစ်ဝတည်းရှိခြင်းဖြင့်ခရစ်တော်ကိုချစ်ခင်၍ ပိုမိုသိလာစေရန်လိုအပ်သည်။ ထို့ကြောင့် ကက်သလစ်ဖြစ်နေခြင်း ခရစ်တော်၏နောက်လိုက်များအတွက် စစ်မှန်သော စည်းလုံးခြင်းဆိုသည်မှာ စုံလင်သော မှန်ကန်ခြင်းဖြစ်တော်မူသည့်ခရစ်တော်ထံတော်သို့ပို့ဆောင်ပေးသူ သန့်ရှင်းသောဂိညာဉ်တော်ပိုင်ဆိုင်ခြင်းဖြစ်သည်။ ထို့ကြောင့် ကက်သလစ်ဖြစ်နေခြင်းအတွက် မျိုးချစ်နိုင်ငံသားကောင်းများ ဖြစ်ကြရမည်ဖြစ်ကြောင်း၊ တိုးတက်နေသော ခေတ်ကာလအလိုက် အင်တာနက်၊ facebook, blogs, Twitter တို့၏ အသုံးဝင်ခြင်းနှင့် ပတ်သက်၍ ကက်သလစ်များသည်ကက်သလစ်ဘာသာ၏ယုံကြည်ခြင်းနှင့် ဂုဏ်သိက္ခာအတွက် ရဲရဲဝံ့ဝံ့ ရပ်တည်ရဲသောသူများ၊ ပြောရဲသောသူများဖြစ်ကြရမည်။ သို့သော်လည်း ကက်သလစ်ဘာသာဝင်များသည် မိမိတို့၏ ဂိညာဉ်ရေးရာအသက်တာနှင့် ယုံကြည်ရာယုံကြည်ချက်များတွင် ပိုမိုခိုင်မာစေသင့်သည်။ စင်္ကာပူနိုင်ငံ ကက်သလစ်များသည် ဘာသာရေးခံယူချက်များနှင့် ဘာသာရေးပါဝင်မှုတွင် (၁၀)ရာခိုင်နှုန်းသာရှိသည်ကို တွေ့ရှိရသည့်အတွက် အလွန်စိတ်မကောင်းဖြစ်ရပါကြောင်း၊ ထိုကဲ့သို့ ရာခိုင်နှုန်းနည်း ပါးရခြင်းမှာ ဘာသာတူများနှင့် ဘုန်းတော်ကြီးများသည်မိမိတို့၏ယုံကြည်ခြင်းကို အပေါ်ယံသက်သက်သာဖြစ်ခြင်းသို့မဟုတ် ငွေကြေးအတွက် သစ္စာမဲ့ခြင်းဖြစ်သည်ဟု မြွက်ကြားခဲ့ကြောင်း အာရှသတင်းအရ သိရှိရပါသည်။ (CBCM-osc)

## ခရစ်ယာန်၊ မွတ်ဆလင်နှင့် ကွန်မြူနစ် တို့တွေ့ဆုံခြင်း

ကက်သလစ်နှင့် မွတ်ဆလင်ဘာသာရေးကျွမ်းကျင်သူခေါင်းဆောင်တစ်ချို့သည် ကွန်မြူနစ်များနှင့် မေလ (၄) ရက်နေ့တွင်ဗာတီကန်၌ တွေ့ဆုံခဲ့ကြသည်။ထိုတွေ့ဆုံခြင်းသည်ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးနှင့် ယုံကြည်ခြင်းဖလှယ်ကြရန်တို့ဖြစ်သည်။

ထိုတွေ့ဆုံခြင်း၏အဓိကအချက်များမှာ(၁)ယုံကြည်ခြင်းနှင့်ကိုယ်ကျင့်တရားတို့၏ကောင်းကျိုးကိုဖလှယ်ကြကာ တစ်ဦးချင်းစီထက်ပူးပေါင်းဆောင်ရွက်ရန်။ (၂) လူသားနှင့် နိုင်ငံသားပီသရန်။ (၃) ဘုရားပေးထားသောလူ့ဂုဏ်သိက္ခာ နှင့် လူ့အခွင့်အရေးတို့ကို တန်ဖိုးထားရန်၊ ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီလူများကို အသိအမှတ်ပြုရန်၊ အာမခံချက်ပေးရန်၊ ကာကွယ်စောင့်ရှောက်ပေးရန်။ (၄) လူသားတစ်ရပ်လုံးကို စာနာထောက်ထားရန် အထူးသဖြင့်ဘာသာရေးနှင့်လူမှုရေး၌ အပယ်ခံရသူတို့ကို အကူအညီပေးရန်။ (၅) ဘုရား၏နာမတော်ကို ထောက်၍ဆင်းရဲသူ/သားများကိုကူညီပံ့ပိုးပေးရန်။ (၆) လူငယ်များသည် ကွဲပြားခြားနားခြင်းမှ စည်းလုံးခြင်းသို့ ဦးတည်သောနိုင်ငံသားကောင်းများဖြစ်လာစေရန်နှင့် ပညာတတ်လူငယ်များဖြစ်လာစေရန်။ (၇) ရှုပ်ထွေးမှုနှင့်အတူ ပျက်စီးခြင်းအမျိုးမျိုးနှင့်ကြုံတွေ့နေသော ကျွန်ုပ်တို့၏ကမ္ဘာကြီးသည် အားလုံးပျော်ရွှင်စွာနှင့် ငြိမ်းချမ်းစွာနေထိုင်နိုင်သောနေရာတစ်ခု ဖြစ်လာစေရန်အတွက် ကရုစိုက်ရန်။ (၈)စစ်ဘေးသင့်ဒုက္ခသည်များနှင့် အနီးကပ်ရပ်တည်ပေးရန်၊ နိုင်ငံတော်၏ တရားဥပဒေ၊ လူမှုရေး၊ တရားမျှတမှုတို့ကိုတန်ဖိုးထားပြီး ၎င်းတို့သည် စည်းလုံးညီညွတ်ခြင်းနှင့် ငြိမ်းချမ်းခြင်းရရှိနိုင်ကြောင်း သိထားရန်ဖြစ်သည်။

P.C.I.P နှင့် R.I.I.F.S တို့သည် အောင်မြင်စွာ တွေ့ဆုံနိုင်ခဲ့သောကြောင့် ဘုရားသခင်ကိုကျေးဇူးတင်ပြီး ယခုနှစ်တွင်ပင် နောက်တစ်ကြိမ် ဆုံတွေ့ကြမည်ဟု သိရပါသည်။

# မြန်မာနိုင်ငံငြိမ်းချမ်းရေးအတွက် ဝိုင်းဝန်းကူညီရန် နိုင်ငံတကာ အသိုင်းအဝိုင်းကိုတိုက်တွန်းခြင်း



ဥရောပနိုင်ငံတွေကို နှစ်ပတ်ကြာခရီးစဉ်အဖြစ် ရောက်ရှိနေသည့် ပထမဆုံးမြန်မာကာဒီနယ်လ် ရဟန်းမင်းအမတ် ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်ဆရာတော်ကြီး ချားလ်စ်ဘိုက မြန်မာနိုင်ငံတွင်းဖြစ်ပွားနေသည့် လူမျိုးစုတိုက်ပွဲများနှင့် ဘာသာရေး ပဋိပက္ခများ ပြေလည်ရေးအတွက် ဆက်လက်ပြီး ပိုင်းဂန်းကူညီရန် နိုင်ငံတကာ အသိုင်းအဝိုင်းကိုတိုက်တွန်းခဲ့ပါသည်။

ထို့အပြင် NLD အစိုးရသစ် လက်ထက် မြန်မာနိုင်ငံတွင် စစ်မှန်သည့်ငြိမ်းချမ်းရေး တည်ဆောက်နိုင်မည်ဟု သူ့အနေနှင့် မျှော်လင့်ချက်ရှိကြောင်း၊ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအကြားတွင် အစိုးရက တရားမျှတမှုရှိရှိ ညှိနှိုင်းဆွေးနွေးပေးနိုင်ဖို့ လိုအပ်ကြောင်း ဆရာတော်ကြီးက မိန့်ကြားပါသည်။ ဥရောပကို ရောက်ရှိနေသည့် ဆရာတော်ကြီးချားလ်စ်ဘိုကို မအင်ကြင်းနိုင်က ဆက်သွယ်မေးမြန်းပြီး အပြည့်အစုံကို တင်ဆက်ထားပါသည်။

အင်္ဂလန်၊ စကော့တလန်၊ ဘရပ်ဆဲလ်စသည့် ဥရောပနိုင်ငံ ခရီးစဉ်အတွင်း ကာဒီနယ်ချားလ်စ်ဘိုသည် ဘာသာရေးခေါင်းဆောင်များ၊ အစိုးရအဖွဲ့ဝင်များ၊လွှတ်တော်အမတ်များနှင့် နဲ့တွေ့ဆုံရာမှာ မြန်မာနိုင်ငံအတွင်း ဖြစ်ပွားနေသည့်ပဋိပက္ခများရပ်ဆိုင်းပြီး ငြိမ်းချမ်းရေးရရန်အတွက် နိုင်ငံတကာအနေနဲ့ ပိုင်းဂန်းကူညီကြရန်တိုက်တွန်းခဲ့ကြောင်း ဗွီအိုအေကိုမိန့်ကြားပါသည်။

"ဆရာတော်ရဲ့ ခံယူချက်နဲ့ ဆရာတော်ရဲ့အကြံပြုချက်ကိုတောင်းဆိုတဲ့အခါမှာ မြန်မာပြည်ကို အထူးပဲ ဆက်လက်ပြီးတော့ ကူညီစောင့်ရှောက်ကြဖို့၊ မြန်မာပြည်ကို အားပေးဖို့ရန်အတွက် အထူးသဖြင့် ဘာသာရေးကြောင့်ဖြစ်လာသည့် ကိစ္စရပ်များကို ပိုင်းရှင်းပေးဖို့၊ နောက်တပ်မတော်နဲ့တိုင်းရင်းသားတို့ နှစ်ဖက်စစ်ဖြစ်ပွားမှုမှာ အတတ်နိုင်ဆုံးငြိမ်းချမ်းရေး ရရှိနိုင်ဖို့ရန်အတွက် ပိုင်းဂန်းကူညီကြဖို့နဲ့ မြန်မာပြည်မှာ အထူးလိုအပ်တဲ့ ပညာရေးဖက်မှာ အထူးသဖြင့် ကလေးသူငယ်တွေ ပညာရေးတိုးတက်နိုင်ဖို့အတွက် (quality education) ရနိုင်ဖို့ရန်အတွက် ဆရာတော်အနေနဲ့ အကြံပြုပေးခဲ့တာတွေလည်းရှိတယ်။"

ဆရာတော်ကြီး ချားလ်စ်ဘိုဦးဆောင်သည့် ကက်သလစ်ဘာသာရေးအဖွဲ့အနေနဲ့လည်း ကချင်နဲ့ ရှမ်းပြည်မြောက်ပိုင်းအပါအဝင် တရုတ်၊ မြန်မာနယ်စပ်တွင်ရှိနေသည့် စစ်ပြေးဒုက္ခသည်စခန်းများကို အကူအညီအများအပြားပေးနေပါသည်။ မြန်မာနိုင်ငံတွင် စစ်မှန်သည့် ငြိမ်းချမ်းရေးတည်ဆောက်ရန် အဓိကလိုအပ်ချက်များနှင့် ပတ်သက်၍ ဆရာတော်ကြီးက ဤသို့ဆက်လက်မိန့်ကြားပါသည်။

"ငြိမ်းချမ်းရေးရနိုင်ဖို့အတွက် တပ်မတော်အနေနဲ့ရော၊ အစိုးရသစ်ပါ အထူးပဲကြိုးစားသွားရမယ့်အရာဖြစ်ပါတယ်။ ကချင်အပါအဝင် တိုင်းရင်းသားအုပ်စုတွေအနေနဲ့ လိုလားတောင်းဆိုနေတာက အပစ်အခတ်ရပ်စဲရေး မလုပ်ခင် သူတို့ဘက်က ဆန္ဒရှိတာက ဖဒရယ်ပြည်ထောင်စုနဲ့ ပတ်သက်လို့ သူတို့ကအားကိုးအားထားတယ်။ အဲဒါကိုအစိုးရသစ်အနေနဲ့ လုပ်ပေးနိုင်မယ်လို့ထင်တယ်။ နောက်ပြီး ပြည်နယ်အလိုက် သဘာဂသံယံဇာတထွက်ရှိမှုတွေမှာ တရားမျှတစွာနဲ့ ဝေမျှနိုင်ဖို့ရန်အတွက် ဒီအချက်နှစ်ချက်ကို ရတယ်ဆိုရင်သူတို့အနေနဲ့ ငြိမ်းချမ်းရေးလုပ်ဖို့ရန်အတွက် အဆင်သင့် ရှိပါတယ်။ တပ်မတော်အနေနဲ့ကတော့ ဥပဒေအတိုင်း လိုက်နာပြီးပြောတဲ့အခါမှာ တိုင်းရင်းသားတွေဘက်ကလက်နက်ချပေးဖို့ဆိုပြီး အဲဒါကိုပဲပြောနေတဲ့အပေါ်မှာ အစိုးရသစ်အနေနဲ့ နှစ်ဖက်စလုံးကို တရားမျှတစွာနဲ့ ဆွေးနွေးနိုင်ဖို့ရန်အတွက် ဆရာတော်က မျှော်လင့်ပါတယ်။"

**VOA။ ။ ဘာသာရေး ခေါင်းဆောင်တစ်ဦးအနေနဲ့ဒေါ်အောင်ဆန်းစုကြည် အပါအဝင် သမ္မတဦးထင်ကျော် စတဲ့ NLD အစိုးရသစ်နဲ့တွေ့ဆုံပြီးဆွေးနွေးပြောဆိုဖို့ အစီအစဉ်များရှိပါလားရှင့်။**

**ကာဒီနယ်။** ။အများကြီးရှိပါတယ်။ အများကြီးရှိပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဆိုတာ ဆရာတော်နဲ့သိခဲ့တာ ဆယ်နှစ်၊ ဆယ့်ငါးနှစ်လောက်ရှိပါပြီ။ သူ့မိသားစုနဲ့ သူ့ရဲ့ကလေးတွေက စပြီးတော့ မိသားစုနဲ့ အတော်ခင်မင်ခဲ့ပြီး နောက်ပိုင်းမှာဘာသာရေးနဲ့ပတ်သက်လို့ပဲဖြစ်ပါစေပေါ့ အခုလောလောဆယ်တော့ အားလုံးအလုပ်ရှုပ်နေကြတော့ ဆရာတော်အနေနဲ့ဘာမှ ထွေထွေထူးထူး မဝင်သေးပါဘူး။ ဒါပေမဲ့ သူတို့အားလုံးရဲ့ အစီအမံတွေ အေးအေးဆေးဆေး ဖြစ်သွားတဲ့အခါမှာ ဘာသာရေးအနေနဲ့ပေါ့နော်၊အကြံပြုပါဝင်နိုင်ဖို့ရန်အတွက် အထူးသဖြင့် ကိုယ်ကကက်သလစ်ခရစ်ယာန် ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ခရစ်ယာန်များအနေနဲ့နိုင်ငံတော်တည်ဆောက်ရေးမှာ ဘယ်လိုလုပ်ပါဝင်နိုင်မလဲ။တိုးတက်အောင် ဘယ်လိုလုပ်နိုင်မလဲ။ အထူးသဖြင့်လူမှုရေး၊ ပညာရေးဘက်မှာ ဘယ်လိုများ ကူညီပေးနိုင်မလဲ။ နိုင်ငံရေး အထူးသဖြင့်ငြိမ်းချမ်းရေးဘက်မှာ ဘာသာရေးပဋိပက္ခဖြစ်တာမျိုးမှာ ဘယ်လိုမျိုး အေးအေးဆေးဆေးနဲ့ ရှင်းလင်းသွားနိုင်မလဲဆိုတာကိုလည်းပဲဝိုင်းဝန်းကူညီနိုင်ဖို့ရန်အထူးကိုပဲ ဆန္ဒရှိတယ်။"

ဒီအတောအတွင်းမှာပဲ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံး ပါဝင်ဆွေးနွေးနိုင်ရေး နှစ်ဆယ့်တစ်ရာစုပင်လုံညီလာခံ အမြန်ဆုံး ကျင်းပနိုင်ဖို့ ဆောင်ရွက်နေကြောင်း နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြီးခဲ့တဲ့တနင်္လာနေ့မှာ ပြော ကြားခဲ့ပါတယ်။

**(Burmese.VOAnews.com 21.5.2016)**

# အခြေခံသမ္မာကျမ်းစာသင်တန်း

အခြေခံသမ္မာကျမ်းစာသင်တန်းကို ကလေးမြို့၊ သဇင် (၄/၅) ရပ်ကွက် ကက်သလစ်သာသနာ သင်တန်းခန်းမဆောင်တွင် မေလ (၁၀) ရက်နေ့ညမှ (၁၄) ရက်ညအထိ ပြုလုပ်ခဲ့သည်။ သင်တန်းတွင် ဖာသာရ်ဘောစကို၊ စစ္စတာရ်အက်စတာ၊ Fabian ဦးမြင့်မောင်၊ ဒေါ် Felicity Dim မှပို့ချခဲ့ပါသည်။ ၎င်းသင်တန်းတွင် ကလေးဖုံ၊ ခမ်းပတ်ဖုံ၊ တီးတိန်ဖုံနှင့် တွန်းဇံဖုံတို့မှ ဖုံတစ်ခုစီလျှင်သုံးဦး ဖိတ်ခေါ်ကာ Little Way စစ္စတာရ်များနှင့် ရန်ကုန်မေဂျာမှ ချင်းကိုရင်များ စုစုပေါင်း (၉၄)ဦး တက်ရောက်ခဲ့ကြပါသည်။ ဆရာတော် (Felix Lian Khen Thang) လည်း တက်ရောက်ချီးမြှင့်ခဲ့သည်။ သင်တန်း၏ထူးခြားချက်မှာ ဘုရားသခင်၏သနားကြင်နာခြင်းနှင့်ဆိုင်သော ကမ္ဘာ့ဌာန်းထောက်ရှုချက်များ၊ ရိုးရာအကနှင့် သမ္မာကျမ်းစာ ပလ္လင်တင်ထောက်ရှုခြင်းအခမ်းအနား တို့ဖြစ်သည်။ သင်တန်းသားများသည် သင်တန်းမှရလာသော အသိတရားများကို တစ်ပါးသူအား ပြန်လည်ဝေငှရန်ဆန္ဒပြုခဲ့ကြသည်။ "သင်တန်းပေးရတာ အားရဖို့ကောင်းပါတယ်။ ဘာသာစကားကြောင့်အခက်အခဲရှိပေမဲ့ ကျမ်းစာဝေမျှရာမှာ ထိရောက်မှုရှိပြီး ဘုရားသခင်နှင့် ပေါင်းစပ်နိုင်တယ်။ ပြီးတော့ သူတို့တွေဟာအစတုန်းက စိတ်ဝင်စားပုံမပေါ်ပေမဲ့ နောက်ပိုင်းမှာ သူတို့ဘဝအတွက်ထိရောက်ပြီး အကျိုးပြုတဲ့သင်တန်းတစ်ခုဖြစ်ကြောင်း သိရှိရပါတယ်" ဟု ဖာသာရ်ဘောစကိုမှ ပြောကြားခဲ့ပါသည်။ ထို့နောက် အခြေခံသမ္မာကျမ်းစာသင်တန်းအပြီးတွင် "**အခြေခံသမ္မာကျမ်းစာဦးဆောင်သူသင်တန်း**"ကို မေ(၁၆) ရက်နေ့ညမှ (၂၀) ရက်နေ့ညအထိ Little Way စစ္စတာရ်ကျောင်းတွင်လည်းပြုလုပ်ခဲ့သည်။ ၎င်းသင်တန်းသည်အခြေခံသမ္မာကျမ်းစာသင်တန်းအောင်မြင်သူအတွက်များသာဖြစ်ပြီး ဟားခါးနှင့် ကလေးမြို့နယ်အသီးသီးမှ စစ္စတာရ် (၅၀)ပါးနှင့် ဘုန်းတော်ကြီးနှစ်ပါးတို့ တက်ရောက်ခဲ့သည်။ "ဒီသင်တန်းကိုပို့ချရတာအားရပြီးတန်ဖိုးရှိတယ်။ ဘာလို့လဲဆိုတော့ သူတို့ဘက်ကလိုလိုလားလား ရယူချင်တဲ့ဆန္ဒရှိကြလို့" ဟု ဖာသာရ်ကထပ်မံပြောကြားပါသည်။ ဖာသာရ်သည် လာမည့်ဇွန်လ(၁၀)ရက်နေ့တွင် တောင်ငူသာသနာသို့ သမ္မာကျမ်းစာကိုအခြေခံ၍ ဘုရားစကားသင်ကြားခြင်း ဆရာဖြစ်သင်တန်း သွားရောက်ပြုလုပ်ဦးမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။ **Felicity Dim** (CBCM. Bible commission)





## အောက်မေ့ဖွယ်ဓမ္မာရုံဖွင့်ပွဲ

**တောင်ငူသာသနာ**

တောင်ငူသာသနာ၊ မောင်ဘလောက်တိုက်နယ် ပီးမေဘုန်းတော်ကြီး Fr.Paulo Mana၏ အောက်မေ့ဖွယ်ဓမ္မာရုံဖွင့်ပွဲကို ဆရာတော်အိုက်ဇက်ဓာနမှ ၈၊၅၊၂၀၁၆နေ့တွင် ကောင်းချီးပေးခဲ့ပါသည်။ Fr. Paulo Mana သည် မောင်ဘလောက်တိုက်နယ်ကို စတင်တည်ထောင်သူလည်းဖြစ်သည်။ တိုင်းရင်းသားဘာသာစကားဖြစ်သော ဂေဘားနှင့် ဂေခိုစာလုံးများကို ထုတ်ဖော်ပေး သူလည်းဖြစ်သည်။ ဘုန်းတော်ကြီး၏ လက်ထက်တွင် လူငယ်များစွာကိုခေါ်တော်မူခြင်း ဘောင်သို့ သွင်းနိုင်ခဲ့သည်။ ကောင်းသောရဟန်း



သီလရှင်များကို မွေးထုတ်ပေး နိုင်ခဲ့သည်။ အသက်အရွယ်ကြီးရင့်လာသော အခါ မိမိ၏နေရင်းတိုင်းပြည်ဖြစ်သော အီတလီနိုင်ငံ မီလာမြို့တွင်ပျံလွန်တော်မူခဲ့သည်။

## သက်္ကန်းပေးခြင်းအခမ်းအနားပြုလုပ်ခြင်း

**လားရှိုးသာသနာ**

မေလ (၁၂) ရက်နေ့တွင် လားရှိုးမြို့၊ ရပ်ကွက်(၁၂)ရှိ လားရှိုးသာသနာ၊ စိန့်ဂျွန်းမေရီဗီယားနီ အခြေခံရဟန်း ဖြစ်သင်ကျောင်း၌(ကွမ်းလုံတိုက်နယ်) မှ ဦးတိန့်ထန်းနှင့် ဒေါ်လွမ်းစေးတို့၏ (သားကြီး) မောင် Noel ထန့်ဘောမ့်နှင့် (လွယ်ခမ်းတိုက်နယ်မှ ဦးပီတာထောင်းဂျုံးနှင့် ဒေါ်ရီတာဟောင်းယန်းတို့၏ သားထွေး) မောင်Peter ဂျုံးဇေတို့အား လားရှိုးဂိုဏ်းအုပ် ဆရာတော် ဖိလစ်ဇဟောင်းမှ ကိုရင်သက်္ကန်းဆင်မြန်းပေးခဲ့ပါသည်။ ၎င်းပွဲတွင် လားရှိုးဂိုဏ်းအုပ်ဆရာတော် ဖိလစ်ဇဟောင်းနှင့်အတူ ရဟန်းတော်(၃၀)ပါး၊ မေဂျာမှ ကိုရင်(၂၆)ပါး၊သီလရှင် (၁၄)ပါးနှင့် မိဘဘာသာဝင်များ (၃၀၀)ခန့် ပါဝင်ခဲ့ကြောင်း သိရှိရပါသည်။ လက်ရှိတွင် လားရှိုးသာသနာ၌ ကိုရင်အသစ် နှစ်ပါး(ရန်ကုန်ရဟန်းဖြစ်တက္ကသိုလ်ပြီး) ကိုရင်ကြီး (၁)ပါး၊ ရန်ကုန်ရဟန်းဖြစ်တက္ကသိုလ်၌(၁၉)ပါး၊ တောင်ကြီးရဟန်းဖြစ်တက္ကသိုလ်၌(၂)ပါးနှင့် ပြင်ဦးလွင် ရဟန်းဖြစ် တက္ကသိုလ်၌ (၆)ပါး ကိုရင်အားလုံးပေါင်း(၂၈)ပါး ရှိပြီဖြစ်ကြောင်း စိန့်ဂျွန်းမေရီဗီယားနေ အခြေခံရဟန်းဖြစ်သင်ကျောင်း၊ ကျောင်းအုပ်ဘုန်းတော်ကြီးပေါလ် Maran ဂမ်ဆိုင်းထံမှသိရှိ ရပါသည်။ **Lashio-OSC**

## ယနေ့ခေတ်မီဒီယာနှင့် စိန်ခေါ်မှုများ အမြင်ဖွင့်သင်တန်း (LSO-osc)

**လားရှိုးသာသနာ**

မေ(၁၀)ရက်တွင် လားရှိုးမြို့၊ ယေရှုအသဲတော်ဘုရားကျောင်း အတွင်းရှိ စိန်ထရေဇာခန်းမ၌ "ယနေ့ခေတ်မီဒီယာနှင့် စိန်ခေါ်မှုများ" ခေါင်းစဉ်ဖြင့် စာရေးဆရာဟိန်းလတ်မှတက်ရောက်သူများအတွက် တစ်ရက်တာဟောပြောခဲ့ပါသည်။ ၎င်းသင်တန်းကို လားရှိုးသာသနာ လူထုဆက်သွယ်ရေးရုံးမှ တာဝန်ယူဖွင့်လှစ်ခြင်းဖြစ်ပြီး တိုက်နယ်အသီးသီးမှ ဘုန်းတော်ကြီးများ (၂၅) ပါးနှင့် သီလရှင်ဂိုဏ်းအသီးသီးမှ စစ္စတာရ် (၁၆)ပါး တက်ရောက်ခဲ့ပါသည်။ မီဒီယာကို အသုံးပြုပြီး လူများကို ပြန်ကြားပေးခြင်း (To inform)၊ ပညာပေးခြင်း (To educate)၊ဖျော်ဖြေမှုပေးခြင်း To entertain)ပြုလုပ်ရကြောင်းနှင့် ပြည်ထောင်စုနှစ်မီဒီယာသမားများ၏ အဓိကစိန်ခေါ်မှုများနှင့်ပတ်သက်ပြီး ရှင်းလင်းပို့ချသွားခဲ့ပါသည်။

## ၅၀ ကြိမ်မြောက် ကမ္ဘာ့လူထုဆက်သွယ်ရေးနေ့ကို ပုသိမ်ဂိုဏ်းအုပ်သာသနာတွင်ကျင်းပ

**ပုသိမ်သာသနာ**

မေလ ၈ ၊၂၀၁၆တွင် ကျရောက်သည့် (၅၀)ကြိမ်မြောက် ကမ္ဘာ့လူထုဆက်သွယ်ရေးနေ့ အခမ်းအနားများကို ပုသိမ်ဂိုဏ်းအုပ်သာသနာတွင် နံနက်ပိုင်း၊ ညပိုင်းအခမ်း အနား အစီအစဉ်များခွဲကာကျင်းပပြုလုပ်ခဲ့သည်။



အဆိုပါနေ့ မနက်ပိုင်းတွင် ကမ္ဘာ့လူထု ဆက်သွယ်ရေးနေ့ကိုရည်ရွယ်၍ ဆက်သွယ်ရေးနှင့်သနားကရုဏာ အသီးအပွင့်ရှိသော ထိတွေ့ဆက်ဆံမှုဟူသော လူထုဆက်သွယ်ရေး၏ ရည်ရွယ်ချက်ဖြင့်ဘုန်းတော်ကြီးရှစ်ပါး၊ ဘရာသာရ်များ၊စစ္စတာရ်များ၊ဘာသာဝင်ညီအစ်ကိုမောင်နှမများ စုပေါင်းကာ မစ္စားတရားတော်မြတ် ပြုလုပ်ပူဇော်ခဲ့ ကြသည်။ထို့ပြင်ကမ္ဘာအတွင်းရှိလူမျိုးစုများ ငြိမ်းချမ်းသောဘဝကို ရရှိရန်၊ လူချင်းချင်းစစ်မှန်သောရိုးသားသောသနားကြင်နာတတ်သောထိတွေ့ဆက်ဆံမှုများ ပြုလုပ်နိုင်ကြရန် ရည်ရွယ်၍ ဝတ်ပြုဆုတောင်းခဲ့ကြသည်။ ညနေပိုင်းအစီအစဉ်အနေဖြင့် ပုသိမ်သာသနာ အတွင်းရှိသာသနာများမှလူငယ်များ၏သီချင်းဆိုပြိုင်ပွဲကို ဆက်လက်ကျင်းပခဲ့ကြသည်။အဆိုပါသီချင်းဆိုပြိုင်ပွဲကိုပထမအနေဖြင့်ဧပြီ(၄-၅)ရက်အထိ ပြုလုပ်သည့် ပုသိမ်သာသနာ မရမ်းချောင်း လူငယ်သင်တန်းတွင် ပြုလုပ်ခဲ့ဖူးပြီး ဆန်ကာတင် စီစစ်ရွေးချယ်ထားသည့် လူငယ်(၂၀)ဦးကိုဆက်လက်ယှဉ်ပြိုင်စေခြင်းဖြစ်သည်။

အဆိုပါဆန်ကာတင်ပြိုင်ပွဲဝင်များမှငါးဦးကိုထပ်မံစီစစ် ရွေးချယ်ကာ ပုသိမ်ဂိုဏ်းအုပ်သာသနာ ကိုယ်စားပြုအဖြစ်ရွေးချယ်ကာ ရန်ကုန်ဂိုဏ်းချုပ်သာသနာအဆင့် သီချင်းဆိုပြိုင်ပွဲတွင်ဆက်လက်ယှဉ်ပြိုင်ပါမည်။

၎င်းသီချင်းဆိုပြိုင်ပွဲကိုပုသိမ်သာသနာမှ စိန်ကိုချစ်နှင့် ဆိုဖီယာ၊ ချမ်းသာကုန်းသာသနာမှစနော၆၊မေရီလန်းသာသနာမှ ခရစ္စတီးနား၊ ကနစိုးကုန်းသာသနာမှ ပြည့်ဖြိုးလင်း တို့မှ ပုသိမ်ဂိုဏ်းအုပ်သာသနာ ကိုယ်စားပြုအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ကြပါသည်။ ထို့ပြင် ကမ္ဘာ့လူထုဆက်သွယ်ရေးနေ့တွင်ကျင်းပသည့် ပုံရိပ်များနှင့် သီချင်းဆိုပြိုင်ပွဲကို ပုသိမ်လူမှုဆက်သွယ်ရေးရုံးမှ မှတ်တမ်းတင်ဗီဒီယိုများ ရိုက်ကူးထားပြီးDVDခွေများပြန်လည်ထုတ်ဝေသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**PTN-OSC**

## ပထမအဆင့်ဓမ္မသီချင်းဆိုပြိုင်ပွဲ

**တောင်ကြီးသာသနာ**

တောင်ကြီးသာသနာလုံးဆိုင်ရာလူငယ်များ ပထမအဆင့်ဓမ္မသီချင်းဆိုပြိုင်ပွဲကို (၁၇၊ ၅၊ ၂၀၁၆) အင်္ဂါနေ့တွင် တောင်ကြီးမြို့ အောက်မေ့ဖွယ်ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ ပွဲဖြစ်မြောက်ရေးအတွက် တိုက်နယ်အသီးသီးမှလူငယ်များကို နှစ်ပတ်ကြိုတင်အကြောင်းကြားပြီး ပါဝင်ယှဉ်ပြိုင်သူ(၉)ဦးထဲမှ (၃)ဦး ဆန်ကာတင်ရွေးချယ်နိုင်ခဲ့ပါသည်။ ၎င်းရွေးချယ်ခံရသူ(၃)ဦးမှာ လွိုင်ကော်မြို့တွင် ကျင်းပပြုလုပ်မည့် တောင်ကြီးဂိုဏ်းချုပ်သာသနာလုံးဆိုင်ရာ ဒုတိယအဆင့် ဓမ္မသီချင်းဆိုပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့ပါသည်။





# မီဒီယာနှင့် အခြေခံသတင်းရေးသားနည်းသင်တန်း(မြိတ်)

**မော်လမြိုင်သာသနာ**




ပထမဆုံးသောမီဒီယာနှင့် အခြေခံသတင်းရေးသားနည်း သင်တန်းကို မော်လမြိုင်ဂိုဏ်းအုပ်သာသနာ၊မြိတ်မြို့၊ရေပုန်းရပ်ကွက်၊ ကလွင်ကက်သလစ်ပရဟိတကျောင်း၌ (၉-၁၃)ရက်နေ့ မေလ၊(၂၀၁၆)ခုနှစ်တွင်မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ်လူထုဆက်သွယ်ရေးရုံး၏ ဦးဆောင်မှုဖြင့် ပြုလုပ်ခဲ့ပါသည်။ ထိုသင်တန်းကို မော်လမြိုင်သာသနာလူထုဆက်သွယ်ရေးတာဝန်ခံFr.Augustine Shwe ဦးဆောင်ကာ ရွေးချယ်ထားသော သင်တန်းသူ/ သား (၂၅)ယောက်တက်ရောက်ခဲ့သည်။

**သင်တန်း၏ရည်ရွက်ချက်များမှာ အောက်ပါတိုင်းဖြစ်သည်။**

(၁)။ သာသနာရှိဘာသာတူများ မီဒီယာနှင့်သတင်းစာပေရေးသားခြင်း၏ အခြေခံသဘောသဘာဝတို့ကို သိရှိနားလည်လာစေရန်

(၂)။ သာသနာအသီးသီးမှသတင်းများကိုမှန်မှန်ကန်ကန်ရယူပြီးအချိန်မှီ ရေးသားပေးပို့နိုင်ကာသာသနာအချင်းချင်းဆက်သွယ်မှုအားကောင်းလာစေရန်။

(၃)။သတင်းများကို ကောင်းမွန်စွာ နားလည်စေရန်၊ သတင်းဖတ်တတ်ကာ ကောင်းစွာဝေဖန်သုံးသပ်နိုင်ရန်။(၄)ထူးချွန်သော ကက်သလစ်သတင်းသမားများ၊ စာပေဂါသနာရှင်များစွာထွက်ပေါ်လာစေရန်တို့ဖြစ်သည်။ မီဒီယာနှင့် အခြေခံသတင်းရေးသားနည်းသင်တန်းကို မေသကြဲန်ဟိန်(ရွှေမြစ်မခ မီဒီယာ CEOနှင့် Chief Editor)၊ ကိုမြတ်မိုးကျော်(Editor)တို့ကိုယ်တိုင် မေတ္တာဖြင့် ပို့ချပေးခဲ့ကြသည်။

သင်တန်းသူတစ်ဦးက "ဒီသင် တန်းကိုတက်ရောက်ခြင်းအား ဖြင့် မီဒီယာနှင့် စာပေရေးသားခြင်းအကြောင်း တို့ကို ထူးခြားစွာလေ့လာ၊တွေ့ကြုံ ရသလို၊ စိတ်ဝင်စားစရာအရမ်းကောင်းတယ်" ဟု ပြောကြားခဲ့ပါသည်။

နောက်သင်တန်းသားတစ်ဦးကလည်း "သတင်းဘယ်လိုဖတ်ရမယ် ဆိုတာ လေ့လာရသလို ဘယ်လိုသတင်းရေးရမယ်ဆိုတာ သိလိုက်ရတော့ဒီသင်တန်းလေးကိုတန်ဖိုးမဖြတ်နိုင်အောင်ကျေးဇူးတင်ပါတယ်။ စီစဉ်ပေးတဲ့ National director နှင့် သင်တန်းပို့ချပေးသော ဆရာများအားလုံးကိုအထူးကျေးဇူးတင်ပါတယ်"ဟုပြောကြားခဲ့ပါသည်။ **MLM-OSC**

# ဦးပဥ္စင်းကြီးသိက္ခာခံယူခြင်း

**ကလေး သာသနာ**



ကလေးကက်သလစ်သာသနာ၊ ကျီးခါးစီရင်စုမှရဟန်းလောင်း Thomas Thang Khen Tuang သည် ရောမမြို့Pontificio Collegio Urbana တွင်ဒဿနိကဗေဒဘာသာရပ်ကိုအထူးပြုဆည်းပူးလေ့လာသင်ယူနေပါသည်။

သူသည် ၇၊၅၊၂၀၁၆ နေ့တွင်စိန့်ပီတာဘုရားကျောင်းတော်ကြီးတွင် S.E.M.REV.MA CARD-FERNANDO FILONI ၏ လက်တော်မှ ဦးပဥ္စင်းကြီးသိက္ခာကိုခံယူခဲ့ပါသည်။ ဦးပဥ္စင်းကြီးသိက္ခာခံယူသူ(၁၉)ပါးဖြစ်ပြီး၊ နိုင်ငံ(၁၁)နိုင်ငံမှရဟန်းလောင်းများဖြစ်ကြပါသည်။

ဦးပဥ္စင်းကြီးသိက္ခာခံယူပွဲ မဿားတရားတော်တွင် ရဟန်းတော်စုစုပေါင်း အပါး(၉၀)ခန့်၊ သီလရှင်များ၊ ရပ်နီးရပ်ဝေး မှဆွေတော်မျိုးတော်များ၊ ဘာသာတူများတက်ရောက်ကာ ကျင်းပခဲ့ကြပါသည်။

(Rev.Fr. Sebastian Mawi)

# အမှတ်စဉ်(၁) ဘော်ဒါထိန်းများ အရည်အချင်းမြှင့်သင်တန်း



မြန်မာနိုင်ငံကက်လစ်ဆရာတော်ကြီးများအဖွဲ့ချုပ်၊ ပညာရေးကော်မရှင်(WCE)နှင့် ကလေးကက်သလစ်သာသနာ၊ ပညာရေးကော်မရှင်(DEC)တို့ပူးပေါင်းဖွင့်လှစ်သော ဘော်ဒါထိန်းဆရာ/မများအတွက်ဆင့်ပွားသင်တန်းကို ကလေးကက်သလစ်သာသနာ၌နချုပ် ဆရာတော်ကျောင်းတိုက်တွင် ပြုလုပ်ကျင်းပခဲ့ပါသည်။ (၃၊၅၊၂၀၁၆) ရက်နေ့တွင်စီရင်စုအသီးသီးမှကျောင်းထိုင်ဘုန်းတော်ကြီးများနှင့် သီလရှင်ဂိုဏ်းအသီးသီးမှတာဝန်ခံအကြီးအကဲများ စုစုပေါင်း(၄၁)ပါး ပါဝင်တက်ရောက်ခဲ့ကြသည်။သင်တန်းကို နံနက်(၈း၃၀)တွင်စတင်ကာ ဆရာတော်ကြီး Felix Lian KhenThang ကအဖွင့်မိန့်ခွန်းပြောကြားပြီး (Program Management-Mrs Lucrecia၊ ဆရာမအိုင်ရင်းနှင့်ဆရာMoses တို့မှ ပညာရေးနှင့်ပတ်သက်သည့် သိသင့်သိထိုက်သည့် အကြောင်းအရာများကို ဟောကြားပို့ချခဲ့ကြပြီး၊ ညနေ(၅း၃၀)နာရီတွင်သင်တန်းကိုရုပ်သိမ်းခဲ့ပါသည်။ (မေ ၄ မှ ၇)ရက်နေ့အတွင်း ဘော်ဒါထိန်းများအရည်အချင်းမြှင့်ဆင့်ပွားသင်တန်းကိုပြုလုပ်ခဲ့ရာစီရင်စုအသီးသီး၊ ဘော်ဒါထိန်းများနှင့် သီလရှင်များစုစုပေါင်း(၅၀)ဦးတက်ရောက်ခဲ့ကြပါသည်။(Sr.M.Don(LWST)

# ဒဿနိကဗေဒဌာန၊ ပြင်ဦးလွင်ရဟန်းဖြစ်တက္ကသိုလ် (၂၀၁၆-၂၀၁၇) ပညာသင်နှစ်

ကိုပိုက်




မြန်မာနိုင်ငံကက်သလစ်သာသနာအတွက်၊ ရဟန်းများမွေး ထုတ်ပေးလျှက်ရှိသော မိခင်ကျောင်းတော်ကြီးသုံးခုရှိပါသည်။

### အခြေခံရဟန်းဖြစ်သင်ကျောင်းဖြင့်ရဟန်းဘဝကိုအစပျိုးခြင်း

ရဟန်းဖြစ်တက္ကသိုလ်သို့ ဝင်ရောက်နိုင်ရန်၊ သာသနာအသီးသီးတွင်ဖွင့်လှစ်ထားသော၊ အခြေခံရဟန်းဖြစ်သင်ကျောင်းများ၌ ဦးစွာလိုအပ်သည့် အခြေခံပုံသွင်းပုံလောင်းခြင်းကို ခံယူဖြတ်သန်းရကြောင်း၊ နှစ်အကန့်အသတ်ကိုမူ ရဟန်းလောင်းကျောင်းသားတစ်ဦးနှင့် တစ်ဦး၏လျှောက်လှမ်းပုံ၊ ခံယူချက်၊ ပုံသွင်းပုံလောင်းခြင်းကို လက်ခံသည့် အပေါ်မူတည်ကြောင်း၊ ထို့ကြောင့်နှစ်ပေါင်းမည်မျှဟု သတ်မှတ်ရန်ခက်ခဲကာ အနည်းဆုံး (၂)နှစ်မှ(၃)နှစ်သည် မဖြစ်မနေ ဖြတ်သန်းရမည့်ကာလအဖြစ် အကြမ်းဖျဉ်းသတ်မှတ်ထားကြောင်း သိရှိရသည်။

### ရဟန်းလောင်းတစ်ဦးအတွက်အရေးကြီးသောရေသောက်မြစ်(၄)ခုမှာ

ရဟန်းလောင်းကိုရင်ဖြစ်လာရန်မှာ ပညာရေးသည် ရေသောက်မြစ်တစ်ခုဖြစ်သည်မှန်သော်လည်း ပညာရေးတစ်ခုတည်းကိုသာ ဇောက်ချကြိုးစားနေ၍မပြီးသေးပေ။ လူမှုရေး၊ ဘာသာရေး၊ ကျန်းမာရေးစသော အရေးသည်လည်း မရှိမဖြစ်လိုအပ်သောအရေးများဖြစ်ပါသည်။ ထို့ကြောင့် အဓိကအရေး(၄)ပါးရှိသည်ဟုမှတ်ယူနိုင်ပါသည်။ ထိုအရေး(၄)ပါးကို မြစ်ဖျားခံ၍၊ အခြားသော မြစ်လက်တက်အရေးများကို ဆက်စပ်ထည့်သွင်းစဉ်းစားကြရပါသည်။ ရဟန်းလောင်းကိုရင်ဘဝကိုတက်လှမ်းနိုင်ရန် ဝင်ခွင့်စာမေးပွဲဖြေဆိုရပါသည်။ အဆိုပါသတ်မှတ်ထားသောအဆင့်များကို ကောင်းမွန်စွာ ဖြတ်သန်းခဲ့ပြီးသူရဟန်းလောင်းတစ်ဦးအတွက်၊ဒုတိယအဆင့်ကို တက်လှမ်းရန်မှာ ရဟန်းဖြစ်တက္ကသိုလ်သို့ဝင်ရောက်နိုင်ရန်၊ ဝင်ခွင့်စာမေးပွဲကို ဖြေဆိုရပါသည်။

ထိုဝင်ခွင့်စာမေးပွဲကိုဖြေဆိုသူသည် မြန်မာနိုင်ငံတွင်ဖွင့်လှစ်ထားသော၊ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုကို ရရှိထားကြသူများဖြစ်ပါသည်။ ရဟန်းဖြစ်တက္ကသိုလ်ဝင်ခွင့်စာမေးပွဲအတွက်၊ ဖြေဆိုရသောဘာသာရပ်မှာအင်္ဂလိပ်စာဖြစ်ပြီး၊ အရေး၊ အဖတ်၊ အပြောကိုအခြေခံ၍စစ်ဆေးသော ဝင်ခွင့်စာမေးပွဲဖြစ်ပါသည်။ ထိုစာမေးပွဲကို သာသနာအတွင်းဖွဲ့စည်းထားသော စာမေးပွဲ စစ်ဆေးရေးအဖွဲ့မှ နှစ်စဉ်ဇန္နဝါရီလတွင် စစ်ဆေးပေးလျှက်ရှိပါသည်။ အဆိုပါစာမေးပွဲကို ဖြေဆိုအောင်မြင်ပြီးသူများသာ ရဟန်းလောင်းကိုရင်အဖြစ် သင်္ကန်းဆင်မြန်းကာ ရဟန်းဖြစ်တက္ကသိုလ်သို့ တက်လှမ်းခွင့်ရမည်ဖြစ်ပါသည်။

### ကျောင်းတော်ကြီးတည်ရှိရာနေရာ

ရဟန်းလောင်းကိုရင်တစ်ပါးအနေဖြင့် ရဟန်းတို့သင်ကြားလေ့လာရမည့်ဘာသာရပ်များအနက် ဒဿနိက(အတွေးအခေါ်)ဘာသာရပ်ကို ဦးစွာ(၂)နှစ်တာသင်ကြားရပါသည်။ထိုဒဿနိကဗေဒဌာန ရဟန်းဖြစ်တက္ကသိုလ်တည်ရှိသောနေရာမှာ မန္တလေးသာသနာ ပြင်ဦးလွင်မြို့ (မေမြို့)၊ (၂၂) ချယ်ရီလမ်းတွင် တည်ရှိပါသည်။ (၂၀၀၉၊ နိုဝင်ဘာလ၊ ၂၆)တွင် ငွေစင်ဂျူဘီလီပွဲတော်ကို ဂုဏ်ယူဝင့်ကြွားစွာ ကျင်းပနိုင်ခဲ့ပါသည်။

နှစ်စဉ်ပညာသင်နှစ်အစကို မေလ(၁၆)ရက်နေ့ဖြစ်ပြီး ပညာသင်နှစ်၏ အဆုံးကိုလည်း မေလ(၁၆)ရက်နေ့ ဖြစ်ပါသည်။ စာသင်နှစ်ကို ပထမနှစ်ဂက်၊ ဒုတိယနှစ်ဂက်ဟုသတ်မှတ်၍ သင်ကြားကာ ပထမနှစ်ဂက်၏ကာလမှာကျောင်းဖွင့်သည့်နေ့မှစ၍ စက်တင်ဘာလ နှစ်ဂက်စာမေးပွဲဖြေဆိုပြီးစီးသည့်အချိန်ထိဖြစ်ပါသည်။ ထို့နောက်ရဟန်းလောင်းကိုရင်များသည် တစ်ပတ်တာဉပုသ်သီလ ဆောက်တည်ခြင်း(ရိပ်သာဝင်ခြင်း)ကိုပြုလုပ်ပါသည်။ ဒုတိယနှစ်ဂက်ကိုမူ ပထမနှစ်ဂက်စာမေးပွဲဖြေဆိုအပြီး(၁၀)ရက်တာအတွင်းပြန်လည်အစပြု သင်ကြားပါသည်။

ဒုတိယနှစ်ဂက် ပညာသင်နှစ်အတွင်း ရက်ရှည် ကျောင်းပိတ်ရက်ကို ဒီဇင်ဘာခရစ္စမတ်ကျောင်းပိတ်ရက် အဖြစ်တစ်လတာ ကြာမြင့်ပါသည်။ ခရစ္စမတ်ကျောင်းပိတ်ရက်အတွင်း ရဟန်းလောင်းကိုရင်ကြီးများသည် မိမိတို့၏မိခင်သာသနာသို့လည်းကောင်း၊ အခြားသာသနာများသို့လည်းကောင်း၊ မတူညီသောသာသနာပြုခြင်း အသက်တာ၏ အတွေ့အကြုံများကိုရယူရန် မိမိတို့သာသနာပိုင်ဆရာတော်၏ ခွင့်ပြုချက်များရယူကာ သွားရောက်တတ်ကြပါသည်။

### ကျောင်းတော်ကြီးအား မှိုင်းမသောရဟန္တာ စိန့်ဂျိုးဇက်

ကျောင်းတော်ကြီးအားမှိုင်းမသော ရဟန္တာမှာစိန့်ဂျိုးဇက်ဖြစ်ပါသည်။ အဘယ်ကြောင့် ဆိုသော် စိန့်ဂျိုးဇက်သည်နိမ့်ချစွာဖြင့် သန့်ရှင်းသောအိမ်ထောင်စုအားတာဂန်သိ၊ တာဂန်ကျေ၊ တာဂန်ယူခဲ့သကဲ့သို့ အနာဂါတ်၏ရဟန်းဖြစ်လာကြမည့် ရဟန်းလောင်းကိုရင်ကြီးများသည်လည်း ဘုရားသခင်၏ သန့်ရှင်းသောအိမ်ထောင်စုဖြစ်သည့်သာသနာတော်အားနိမ့်ချစွာဖြင့် တာဝန်ကျေသူ၊ တာဂန်သိသူ၊ တာဂန်ယူတတ်သူများဖြစ်နိုင်ကြရန် ရည်ရွယ်ကိုးစားခြင်းဖြစ်ပါသည်။ တစ်နည်းဆိုသော် စိန့်ဂျိုးဇက်၏အသက်တာ၊ ပါရမီ၊ စိတ်ထားကို အတုယူရှင်သန်ကျင့်ကြံရန် ဖြစ်ပါသည်။

### ကိုရင်ကြီးများစာရင်း

(၂၀၁၆-၂၀၁၇) ပညာသင်နှစ်တွင် ရဟန်းလောင်း ကိုရင်ကြီးများစုစုပေါင်း (၇၄) ပါးဖြစ်ပြီး၊ ပထမနှစ်ရဟန်း လောင်းကိုရင်(၃၇)ပါး၊ ဒုတိယနှစ်ရဟန်းလောင်းကိုရင်(၃၆)ပါးရှိပါသည်။

၁။ ရန်ကုန်ဂိုဏ်းချုပ်သာသနာမှ (၄) ပါး၊
၂။ ဘားအံဂိုဏ်းအုပ်သာသနာမှ (၁) ပါး၊
၃။ ပြည်ဂိုဏ်းအုပ်သာသနာမှ (၂) ပါး၊
၄။ ပုသိမ်ဂိုဏ်အုပ်သာသနာမှ (၅) ပါး၊
၅။ ဟားခါးဂိုဏ်းအုပ်သာသနာမှ (၆) ပါး၊
၆။ ကလေးဂိုဏ်းအုပ်သာသနာမှ (၄) ပါး၊
၇။ မန္တလေးဂိုဏ်းချုပ်သာသနာမှ (၅) ပါး၊
၈။ မြစ်ကြီးနားဂိုဏ်းအုပ်သာသနာမှ (၉) ပါး၊
၉။ ဗန်းမော်ဂိုဏ်အုပ်သာသနာမှ (၅) ပါး၊
၁၀။ လားရှိုးဂိုဏ်းအုပ်သာသနာမှ (၆) ပါး၊
၁၁။ တောင်ကြီးဂိုဏ်ချုပ်သာသနာမှ (၄) ပါး၊
၁၂။ ဖယ်ခုံဂိုဏ်းအုပ်သာသနာမှ (၂) ပါး၊
၁၃။ လွိုင်ကော်ဂိုဏ်းအုပ်သာသနာမှ (၁၀) ပါး၊
၁၄။ ကျိုင်းတုံဂိုဏ်းအုပ်သာသနာမှ (၅) ပါး၊
၁၅။ တောင်ငူဂိုဏ်းအုပ်သာသနာမှ (၁) ပါး၊
၁၆။ Little Way ရဟန်းအသင်းမှ (၅) ပါး စသည်တို့ ဖြစ်ကြပါသည်။



## စာချရဟန်းတော်များ

(၂၀၁၆-၂၀၁၇) ပညာသင်နှစ်အတွက် စာချရဟန်းများ၏အမည်စာရင်းမှာ

၁။ ဖာသာရ်ပေါလ်ပီးပီ
  ကျောင်းအုပ်ဘုန်းတော်ကြီး(လွိုင်ကော်သာသနာ)
၂။ ဖာသာရ်ဂေးလ်ဘက်စိန်စလွယ်
  -ဒုကျောင်းအုပ်ဘုန်းတော်ကြီး(ပုသိမ်သာသနာ)
၃။ ဖာသာရ်ဟင်နရီစိန်ကိုကို
  -ဝိညာဉ်ရေးရာတာဝန်ခံ(ပုသိမ်သာသနာ)
၄။ ဖာသာရ်မာကုတင်ဝင်း
  - ဧည့်စာချဘုန်းတော်ကြီး (မန္တလေးသာသနာ)
၅။ ဖာသာရ်ဂျူလီယန်ဂျက်ကာ(စ်)
  - ဧည့်စာချဘုန်းတော်ကြီး(ဆလေးရှင်း)
၆။ ဖာသာရ်ချားလ်(စ်)စောသီဟန်လွင်
  -ဧည့်စာချဘုန်းတော်ကြီး(ဆလေးရှင်း)
၇။ ဖာသာရ်ဘော်စကိုအောင်ဇော်ဟင်း
  - ဧည့်စာချဘုန်းတော်ကြီး(ဆလေးရှင်း)
၈။ ဖာသာရ်ကလေးမင်းအန်းဂျေလိုအားတယ်
  -ဝိညာဉ်ရေးတာဝန်ခံ(ကျိုင်းတုံသာသနာ)
  တို့ ဖြစ်ကြပါ သည်။

ပညာသင်နှစ်၊ နှစ်နှစ်အတွင်းသင်ကြားသောဘာသာရပ်များမှာ စုစုပေါင်း (၂၇)ခုရှိပါသည်။

## စာချဘုန်းတော်ကြီးများကျမ်းသစ္စာဆိုခြင်းနှင့်မိတ်ဆက်ခြင်း



ကျောင်းတော်ကြီးတွင် စာချမည့်ရဟန်းတော်များသည်၊ အမိကက်သလစ်သာသနာတော်မှ ညွှန်ကြားထားသည့်လမ်းကြောင်း၊ စည်းဘောင်မှ လွဲချော်မသွားရန် သင်ကြားရပါသည်။ အဘယ်ကြောင့်ဆိုသော် မှားယွင်းသောအယူအဆ၊ အတွေးအခေါ်များကိုသင်ကြားပို့ချမိလိုက်ပါက၊ မြန်မာပြည်တစ်ဝှမ်းမှ အနာဂါတ်ရဟန်းများသည်လည်း မှားယွင်းသောအတွေးအခေါ်၊ အယူအဆများကို ရရှိသွားကာ မှားယွင်းစွာ လက်ဆင့်ကမ်းသင်ကြားသွားမည်ဖြစ်ပါသည်။ အပြစ်မဲ့သူတစ်ဦးအားလမ်းမှားသို့ ပို့ဆောင်မိသော အပြစ်ဒဏ်သည် အဘယ်မျှပြင်းထန်ကြီးမားကြောင်းကို ယေဇူးသခင်က ဧဝံဂေလိကျမ်းစာတော်မြတ်ထဲတွင် ရှင်းလင်းစွာ မိန့်မြွက်ထားပါသည်။ ထိုကြောင့် စာချရဟန်းများသည်လည်း အလွန်တာဝန်ကြီးပါသည်။ ထိုတာဝန်ကို အထက်ကပေးအပ်၍ လက်ခံရုံသက်သက်မဖြစ်ရဘဲ၊ ဘုရားသခင်၏အကူအညီ၊ အလင်းကျေးဇူးတော်ဖြင့် အကောင်းဆုံး၊ မမှားမယွင်းသင်ကြားပို့ချပေးမည်ဖြစ်ကြောင်း၊ရဟန်းလောင်းကိုရင်ကြီးများနှင့်အတူ ပူဇော်သောမစ္ဆားတရားတော်အတွင်း၊ သမ္မာကျမ်းစာကို လက်ယာလက်ဖြင့်ကိုင်ကာ ယုံကြည်ခြင်းအချုပ်ကိုရွတ်ဆိုပူဇော်ကာ၊ ကတိပြုရပါသည်။ ယနေ့နံနက်၌အခြေအနေအမျိုးမျိုးကြောင့် စာချဘုန်းတော်ကြီး (၃) ပါးတည်းသာပြုလုပ်နိုင်ခဲ့ပါသည်။ ထိုအခမ်းအနားကို 'ယုံကြည်ခြင်းကိုဝန်ခံခြင်း' (Profession of Faith) ဟုခေါ် ပါသည်။

၄င်းနောက်အဆင်ပြေသောအချိန်၌ စာချဘုန်းတော်ကြီးများမှ ရဟန်းလောင်းကိုရင်ကြီးများနှင့် မိတ်ဆက်ခြင်း၊ မိမိသင်ကြားမည့် ဘာသာရပ်အမျိုးအမည်၊ အကြောင်းအရာအနည်းအကျဉ်း စာမေးပွဲမေးခွန်းပုံစံ စသည်ဖြင့်ရှင်းပြကြပါသည်။ (ကိုပိုက်)

# မန္တလေးဂိုဏ်းချုပ်သာသနာအဆင့်သီချင်းဆိုပြိုင်ပွဲ

မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ်လူထုဆက်သွယ်ရေး ကော်မရှင်နှင့် လူငယ်ကော်မရှင်တို့၏ ဦးစီးဦးဆောင်မှုဖြင့် Trinta Star သီချင်းဆိုပြိုင်ပွဲ ဒုတိယအဆင့်ကိုမန္တလေးဂိုဏ်းချုပ်သာသနာ၊ ပြင်ဦးလွင်မြို့ စိန့်အာလော့ရှက်စ် အခြေခံရဟန်းဖြစ်သင်ကျောင်းတွင် (၈၊၅၊၂၀၁၆)နေ့က ကျင်းပပြုလုပ်ခဲ့ပါသည်။ ပြိုင်ပွဲသို့ မန္တလေး၊ လားရှိုး၊ ဗန်းမော်၊ ကလေး၊ မြစ်ကြီးနားသာသနာတို့မှ ရွေးချယ်ခံထားရသော လူငယ်မောင်မယ် ၂၃ ဦးပါဝင်ယှဉ်ပြိုင်သီဆိုခဲ့ကြပါသည်။ ပြိုင်ပွဲတွင် ဒိုင်လူကြီးများအဖြစ် တေးရေး/ဆိုဆယ်ရယ်၊ CCAAမှ ဖရယ်ဒီနှင့် စောNoel တို့က ဒိုင်လူကြီးများအဖြစ် ပါဝင်အမှတ်ပေးခဲ့ကြပါသည်။ ဒုတိယ အဆင့်တွင်ပြိုင်ပွဲဝင်၂၃ဦးထဲမှ ဆန်ကာတင်(၁၀)ဦးကို အမှတ်ပေးစည်းမျဉ်းအရရွေးချယ်ရာကိုဂျွန်(ဗန်းမော်)မဟာယ်လင်ဆိုင်းလဲန်းလု(မြစ်ကြီးနားကိုယ်စား)၊ ကိုသောမတ်စ်(ကလေး)၊



ကိုဂျိုးဇက်ဖိုးလုံး(မန္တလေး)၊ မဂျူစတီးနား (ဗန်းမော်)၊ ကိုရော်ဘင်(လားရှိုး) နဒီမောင်မောင်ဌေး(မန္တလေး)၊မာဂရက်အေးမာ(မန္တလေး) နှင့် မဂျူးစပင်း (ကလေး) သာသနာအသီးသီးတို့ဖြစ်ကြသည်။ သူတို့သည် တတိယအဆင့် ပထမအကြော့ပြိုင်ပွဲသို့ယှဉ်ပြိုင်ရန်ရွေးချယ်ခံခဲ့ရပါသည်။ရွေးချယ်ခံရသူများ ထဲမှဂျိုးဇက်ဖိုးလုံးက ရင်တွင်းစကားပြောကြားရာတွင်ဘုရားသခင်ကျေးဇူးတော်ကြောင့်သာရွေးချယ်ခံရတာဖြစ်ကြောင်း၊ ရွေးချယ်မခံရသော သူငယ်ချင်းများလည်း စိတ်ဓာတ်မကျစေလိုကြောင်း မိမိတို့အနေဖြင့်လည်း တော်၍ရွေးချယ်ခံရခြင်း မဟုတ်ကြောင်း လိုရာကျေးဇူးများကို ဘုရားသခင်ထံမှာ အတူတူတောင်းခံရန် တိုက်တွန်းလိုကြောင်း ပြောပြခဲ့ပါသည်။

ကက်သလစ်လူထုဆက်သွယ်ရေးနေ့၏[၅၀]ကြိမ်မြောက်ကိုဂုဏ်ပြုခြင်း၊ အနုပညာရှင်များသည်လုပခြင်းကိုထိန်းသိမ်းကာကွယ်စောင့်ရှောက်သူများ လူသားထုအတွက် မျှော်လင့်ချက်၏ သက်သေခံသူများ ကြေညာဟောပြောသူများဖြစ်ကြောင်းကို နလုံးမူကာဘုရား သခင်၏ ဘုန်းတော်နှင့်အများအကျိုး သယ်ပိုးဆောင်ရွက်နိုင်စွမ်းရှိသည့်ကက်သလစ်အနုပညာရှင်များစွာ ပေါ်ထွက်လာစေရန်အတွက်ဖြစ်သည်ဟု မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ်လူထု ဆက်သွယ်ရေးဒါရိုက်တာ ဖာသာရ်လေအိုမန် ထံမှသိရှိရပါသည်။

တတိယအဆင့် ပထမအကြော့ကို (၁၆ ၊ ၇ ၊ ၂၀၁၆)နေ့ ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်ကြောင်း၊ ရန်ကုန်၊ မန္တလေး တောင်ကြီးသာသနာတို့မှ ဒုတိယအဆင့်တွင် ရွေးချယ်ခံထားရသူ(၃၀)ဦးသည် ကက်သလစ်သာသနာမှ ထုတ်သော ဓမ္မသီချင်းများကို ကာရာအိုကေဖြင့် ယှဉ်ပြိုင်သီဆိုကြရမည်ဖြစ်သည်ဟုလည်း Fr.leo Mang ထံမှ သိရှိရပါသည်။ **ပင်ကီ**

# ပြည်သာသနာ၏ ကိုရင်အသစ်နှစ်ပါးသင်္ကန်းပေးပွဲ



ပြည်ကက်သလစ်ဂိုဏ်းအုပ်သာသနာမှ ကိုရင်ဆလိုင်းAlbert နှင့် David အောင်တို့သည် ပြင်ဦးလွင်မြို့ ကက်သလစ်ရဟန်းဖြစ်တက္ကသိုလ်၌ ရဟန်းတို့ တတ်အပ်သော အတွေးအခေါ်ပညာရပ်များကို သင်ယူရန်အတွက် ပြည်ကက်သလစ်သာသနာပိုင်ဆရာတော်ကြီးပြုံးချိုလက်တော်မှ ကိုရင်သင်္ကန်းကို မေလ(၈) ရက် ၂၀၁၆ခုနှစ်တွင် ခံယူခဲ့ပါသည်။ သင်္ကန်းခံယူပွဲသို့ ဘုန်းတော်ကြီးငါးပါး သီလရှင်(၂၀)ပါး မိဘဆွေမျိုးများနှင့် ဘာသာတူ (၄၀၀) နီးပါးဆုတောင်းပေးကြပါသည်။ ကိုရင်တို့သည် ကက်သလစ်ရဟန်းတစ်ပါးဖြစ်ရန် ပြင်ဦးလွင်၌ နှစ်နှစ်၊ တောင်ရန်အတွက် ဆက်လက်ဆုတောင်းပေးကြရမည်ဖြစ်ကြောင်းသိရှိရပါသည်။ (Pyay-OSC)

**ကျိုင်းတုံသာသနာ**

# (၁၀)နှစ်ပြည့်ပုရွက်ဆိတ်ကလေးများ၏ဂျူဘီလီပွဲတော်

မေလ (၈) ရက်နေ့ သခင်ခရစ်တော် ကောင်းကင်ဘုံသို့ တက်တော်မူခြင်း ပွဲဖြစ်သည့်အလျောက် နှစ်(၅၀) ပြည့်ကမ္ဘာ့လူထုဆက်သွယ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကျိုင်းတုံသာသနာ၊ ကျိုင်းတုံမြို့၌ ထူးခြားသောအသင်းအဖွဲ့လေးတစ်ဖွဲ့ဖြစ်သည့် ပုရွက်ဆိတ်ကလေးများ၏ (၁၀)နှစ်ပြည့်ပွဲတော်ကို ( Year of Mercy) နေ့ကို ဂျူဘီလီနေ့အဖြစ် သတ်မှတ်ကျင်းပပေးခဲ့ပါသည်။ ပထမဆုံး ကျိုင်းတုံမြို့ သန့်ရှင်းသောမယ်တော်၏နှလုံးတော် ဘုရားကျောင်းတော်ကြီး၏ သန့်ရှင်းသောဂျူဘီလီတံခါးကို မဖြတ်သန်းမီ နောင်တယူခြင်းနှင့် အာပတ်ဖြေခြင်း အခမ်းအနားကိုကျင်းပစဉ် ဖန်ဆင်းခြင်းအကြောင်း (ကမ္ဘာဦးကျမ်း ၁း၁-၃၁)ကို ဖတ်ရှုထောက်ရှုပြီးဖန်ဆင်းခံအရာအားလုံးသည် တစ်ခုနှင့်တစ်ခု မှီခိုနေကြကြောင်း၊ Cosmic Body မှာ ကျွန်ုပ်တို့သည် အစိတ်အပိုင်းများဖြစ်ကြသည်။ လူသားအချင်းချင်းကို ဖျက်ဆီးခြင်းသည်သာ အပြစ်ပြုခြင်းမကပဲ သစ်ပင်တစ်ပင်ကို ဖျက်ဆီးခြင်း၊ သတ္တဝါတစ်ကောင်ကို ဖျက်ဆီးခြင်း၊ ရေမြေတောတောင်များကို ဖျက်ဆီးခြင်းသည်လည်း မိမိကိုယ်ကိုဖျက်ဆီးနေခြင်း၊အပြစ်ပြုခြင်းကို ဘုရားသခင်ခွင့်လွှတ်သနားခံရန်နောင်တယူအခမ်းအနားပြုလုပ်ခဲ့ပါသည်။ ပုရွက်ဆိတ်ကလေးများ၏ (၁၀)နှစ်ပြည့် ဂျူဘီလီနေ့တွင် ဘုရားရှင်အား ကျေးဇူးတင်ချီးမွမ်းခြင်း မစ္စားတရားတော်မြတ်ကို အဖဆရာတော်ကြီးပီတာလွီးစ် ဦးဆောင်၍ ပူဇော်ဆုတောင်းပေးခဲ့ပါသည်။ "သိုးများမကြောက်နှင့်"ဆောင်ပုဒ်နှင့်အညီ အသက်(၈)နှစ်အထက် ပါဝင်ကြသော ကလေးလူငယ်များအဖွဲ့ ဖြစ်ကြပါသည်။ ၄င်းကလေးအဖွဲ့ကို ပျိုလွန်ပြီးသောဘုန်းတော်ကြီး Fr.တာချီးရှိုမှ ပုရွက်ဆိတ်အမည်နာမပေးခဲ့ပြီး အလိုအပ်ဆုံးသောနေရာများဖြစ်သည့် ဘုရားကျောင်းတော်ကြီး၌ မေတ္တာတိုင်ခြင်း၊သီချင်းဆိုခြင်း၊ဘုရားကျောင်းပရဝုဏ်သန့်ရှင်းရေး စသည့်တာဝန်များ ပေးအပ်ခဲ့သည်။ ကလေးများသည် မိမိတို့တာဝန်ကျရာ မငြီးငြူကြဘဲစိတ်အားထက်သန်စွာဆက်ကပ်ပေးကြပါသည်။ ယခုပုရွက်ဆိတ်ကလေးအဖွဲ့ထဲမှ ကိုရင်တစ်ပါးနှင့် ရဟန်းလောင်းများ၊ သီလရှင်လောင်းများနှင့် ပညာတတ် အစိုးရအမှုထမ်းများစွာ ထွက်ပေါ်လာခဲ့ပါသည်။

Sr.Rose Mary (Sdp)

# တိုက်နယ် (၂၅)နှစ်ဂျူဘီလီပွဲ

ဖယ်ခုံဂိုဏ်းအုပ်ကက်သလစ်သာသနာကုန်းသာတိုက်နယ်ဗဟိုတွင် တိုက်နယ်ဖွင့်လှစ်ခြင်း (၂၅)နှစ်ပြည့် ဂျူဘီလီပွဲကို (၁၂၊၅၊၂၀၁၆)ရက်နေ့ ညနေ (၅း၀၀)နာရီတွင် တိုက်နယ်ကျောက်တိုင်ကို ဖယ်ခုံဂိုဏ်းအုပ်ကက်သလစ်သာသနာ ဆရာတော်ကြီးပီတာလတ်မှ ကောင်းချီးပေးဖွင့်လှစ်ပေးခဲ့ပါသည်။ ယခုလို (၂၅)နှစ်တိုင်တိုင်တည်တံ့ခိုင်မြဲနေခြင်းဟာ ဘုရားရဲ့ကျေးဇူးတော်နှင့် မယ်တော်သခင်မရဲ့ကူညီမှုဖြစ်ကြောင်း၊ (၂၅)နှစ်လုံးလုံး ဖွဲလုံ့လဂိရိယဖြင့်ဦးဆောင်လမ်းပြပေးသောရဟန်း ဘုန်းတော်ကြီးများ၏ ကျေးဇူးကိုလည်းမမေ့သင့်ကြောင်းနှင့် ဘာသာတူများအားလုံး ဆက်လက်ပြီး ဘုရားသခင်နှင့် အမိမယ်တော်၏ ရင်ခွင်တော်အောက်တွင် ခိုလှုံရင်း ဂိညာဉ်လမ်းညွှန်ဘုန်းတော်ကြီးနှင့်အတူသာသနာတော်ခရီးကို စည်းလုံးတူညီညာစွာ ဆက်လက်ချီတက်ကြဖို့ အားပေးပြောကြားသွားခဲ့သည်။ နောက်နေ့(၁၃၊၅၊၂၀၁၆) ရက်နေ့ နံနက် (၇း၀၀)နာရီအချိန်တွင် Fatima ဘုရားကျောင်းပွဲနှင့် တိုက်နယ်(၂၅) နှစ်ဂျူဘီလီ မစ္စားတရားတော်ကြီးကို အဖဆရာတော်ကြီးပီတာလတ်မှ ဦးဆောင်ကာကျင်းပခဲ့ကြပါသည်။ မစ္စားအပြီးတွင် ကျေးရွာအလိုက် ကယန်းရိုးရာ ဖုံပုလွေပြိုင်ပွဲကို ကျင်းပပြီး ဂျူဘီလီပွဲတော်ကြီးကို အဆုံးသတ်ခဲ့ပါသည်။ 'ဒီလို(၂၅)နှစ်ပြည့်ဂျူဘီလီပွဲမှာ ဘာသာတူများအားလုံး လာရောက်ပါဝင်သလို သာသနာအတွင်းရှိ ရဟန်းရှင်လူများလာရောက်အားပေးကြတာကိုတွေ့တော့အားရမိတယ်။ နောက်ပြီး တိုက်နယ်တိုးတက်ဖို့ ဆက်လက်ကြိုးစားအားထုတ်ရမှာ ဖြစ်တယ်။ တိုက်နယ်အတွက်လည်း ဆက်လက်ဆုတောင်းပေးဖို့ မေတ္တာရပ်ခံအပ်ပါသည်' ဟုကျေးဇူးတင်စကားမှာ မြွက်ကြားခဲ့ပါသည်။ ထိုဂျူဘီလီပွဲတော်ကို အနယ်အနယ်အရပ်ရပ်မှ ရဟန်းဘုန်းတော်ကြီး (၄၂)ပါးနှင့် ဘာသာတူ သုံးထောင်ကျော်ပါဝင်တက်ရောက်ဆုတောင်းပေးခဲ့ကြသည်။

# ဘုရားကျောင်းရေစက်ချပွဲ



ဖယ်ခုံဂိုဏ်းအုပ်ကက်သလစ် သာသနာ ဖယ်ခုံတိုက်နယ် အရှေ့ဖက်ကမ်း ပေါ်ကုန်းကျေးရွာတွင် FATIMA MARIA ဘုရားရှိခိုးကျောင်းရေစက်ချပွဲကို ၁၆၊၅၊၂၀၁၆ ရက်နေ့ ညနေ (၅း၀၀)နာရီ သာသနာ အနားယူသွားသော ဆရာတော်ကြီး မာတီးယာဦးရွှေမှ ရေစက်ချကောင်းချီးပေးခဲ့ပါသည်။ ထိုဘုရားကျောင်းတည်ဆောက်ရာတွင် အခက်အခဲအများကြီး ရှိသော်လည်း မယ်တော်သခင်မ၏ဆုပန်ပေးမှုနှင့် ရပ်နီးရပ်ဝေးမှ အလှူရှင်များ၏ ကူညီမှုဖြင့်ပြီးမြောက်အောင်မြင်ခြင်းဖြစ်ကြောင်း ထိုညနေ ဘုရားကျောင်းသမိုင်းကိုဖတ်ကြားပေးသွားသောဆရာမီးကိုမှ ထည့်သွင်းပြောကြားသွားခဲ့သည်။ ထိုည (၈း၀၀)နာရီအချိန်တွင် ယဉ်ကျေးမှုအကပဒေသာနှင့် ဖျော်ဖြေရေးကို ဆက်လက်ကျင်းပခဲ့ပါသည်။ နောက်နေ့ ၁၇၊၅၊၂၀၁၆ နံနက် (၆း၃၀)နာရီအချိန်တွင် ဖယ်ခုံဂိုဏ်းအုပ်ကက်သလစ်သာသနာ ဆရာတော်ကြီး ပီတာလတ်မှ ကြီးမှူး၍ ကျေးဇူးတင်ခြင်းမစ္စားတရားတော်ကြီးကိုကျင်းပခဲ့ကြပါသည်။ မစ္စားအပြီးတွင် ကျေးရွာအလိုက် သူငယ်တော်ယေရှုအသင်းများ၏ ရိုးရာဖုံပုလွေပြိုင်ပွဲနှင့် ကက်သလစ်လုပ်ငန်းအဖွဲ့များ၏ ရိုးရာဖုံပုလွေပြိုင်ပွဲများကို ကျင်းပခဲ့ကြပါသည်။ ဤ FATIMA MARIA ဘုရားရှိခိုးကျောင်း ရေစက်ချမင်္ဂလာပေးပွဲတွင် ကျေးရွာအသီးသီးမှ ဘာသာတူ နှစ်ထောင်ကျော်ပါဝင်ဆုတောင်းပေးခဲ့ကြပါသည်။(PKN-osc)





# သီလရှင်ဘ၀အသက်တာ (၂၅)နှစ်ပြည့် ငွေစင်ဂျူဘီလီပွဲတော် အခမ်းအနား




Sr. Mary Magdalene Rozario ၏ သီလရှင်ဘ၀အသက်တာ(၂၅)နှစ်ပြည့်ငွေစင်ဂျူဘီလီပွဲတော်ကို မေလ(၈)ရက်နေ့ ညနေ(၅) နာရီ အချိန်စိန်ဖရန်စစ်အစီစီကျောင်းတော်ကြီး၌ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။ (၂၅) နှစ်ပြည့်သီလရှင် ဘ၀အသက်တာ အတွက် ကျေးဇူးတင်မစ္ဆားတရားတော်မြတ်ကိုရန်ကုန်ဂိုဏ်းချုပ် လက်ထောက်ဆရာတော်ကြီး ဂျွန်စောယောဟန်နှင့် ရဟန်းတော်(၇)ပါးတို့ ဦးဆောင်ကာတင်ပူဇော်ပေးခဲ့ပါသည်။

ငွေစင်ဂျူဘီလီပွဲတော်မစ္ဆားတရားတော်မြတ်၌ ဂိုဏ်းအသီးသီးမှ သီလရှင်များ၊ စိန်ဂျိုးဇက်သီလရှင်များဘာသာတူများတက်ရောက်၍ ဆုတောင်းပေးခဲ့ကြပါသည်။ ငွေစင်ဂျူဘီလီ သီလရှင်၏ သမိုင်းကြောင်းကို MC Xavier မှ ဖတ်ကြားပေးခဲ့ပါသည်။ ငွေစင်ဂျူဘီလီရှင်မှ သီလရှင်ဘ၀ကိုပြန်လည်၍ ကတိသစ္စာပြုလုပ်ခဲ့ပါသည်။ ဆက်လက်၍ စိန်ဂျိုးဇက်သီလရှင်ဂိုဏ်းမှ Sr.ခရစ္စတိုဖာမှ ဂျူဘီလီရှင်အား အထိမ်းအမှတ်ရင်ကပ်ပန်းနှင့် ဂျူဘီလီချစ်ခြင်းမေတ္တာအနမ်းဖြင့် နှုတ်ဆက်ဂုဏ်ပြုခဲ့ပါသည်။

ဂျူဘီလီရှင်၏ မွေးမိခင် ဒေါ်ထရေးဇာနှင့်အစ်မဖြစ်သူ ဒေါ်ဒေစီမှ ဂုဏ်ပြုပန်းကုံးကို ဆက်သ၍အနမ်းဖြင့် နှုတ်ဆက်ခဲ့ပါသည်။ ဆက်လက်၍ စိန်ဖရန်စစ်အစီစီ ဘုရားကျောင်းမှ ဘာသာ၀င်အားလုံးကိုယ်စားလူငယ်အဖွဲ့အစည်းမှ ဖရန်စစ္စကားက ဂုဏ်ပြုပန်းစည်းဆက်ကပ်၍ နှုတ်ဆက်ခြင်းနှင့် ငွေစင်ဂျူဘီလီရှင်အား ဂုဏ်ပြုဂျူဘီလီသီချင်းကို ကွာယာအဖွဲ့မှ သီဆိုဂုဏ်ပြုခဲ့ပါသည်။ ဆက်လက်၍ဂျူဘီလီရှင်မှ ကျေးဇူးတင်စကားပြောကြားခဲ့ပါသည်။ ဆရာတော် ဂျွန်စောယောဟန်မှ နောက်ဆုံးကောင်းချီးပေး၍ ကျေးဇူးတင်မစ္ဆားတရားကိုအောင်မြင်စွာဖြင့် ပြီးဆုံးခဲ့ပါသည်။ ဆက်လက်၍ ကြွရောက်ချီးမြှင့်ပေးသော ဆရာတော် ဂျွန်စောယောဟန်၊ ရဟန်းတော်များ၊ ဂျူလီလီရှင်နှင့်အတူမှတ်တမ်းတင် ဓါတ်ပုံရိုက်ခဲ့ကြပါသည်။ ဆက်လက်၍ တက်ရောက်လာသူများအားလုံးကို ညစာဖြင့်မယ်တော်ရင်ပြင်၌ တည်ခင်းဧည့်ခံကျွေးမွေးပြီး စိန်ဖရန်စစ် လူငယ်များနှင့် ကက်သလစ်အဆိုတော်သားကြီးတို့မှမေတ္တာဖြင့် သီဆိုဖျော်ဖြေပေးခဲ့ကြပါသည်။

သီလရှင်ဘ၀အသက်တာ(၂၅)နှစ်ပြည့် ငွေစင်ဂျူဘီလီပွဲတော်ကို အောင်မြင်စွာဖြင့် ကျင်းပပြုလုပ်နိုင်ခဲ့သည့်အတွက်ဘုရားရှင်ကို ကျေးဇူးတင်ရှိပြီးကြွရောက်ချီးမြှင့်ပေးခဲ့သော ရန်ကုန်ဂိုဏ်းချုပ်သာသနာ လက်ထောက်ဆရာတော် ဂျွန်စောယောဟန် နှင့် ရဟန်းတော်များအားလုံး၊ ဂိုဏ်းအသီးသီးမှ သီလရှင်များ၊ ကိုရင်များတက်ရောက်ချီးမြှင့်ပေးသော ကက်သလစ်ဘာသာတူများအားလုံးကို ကျေးဇူးတင်ရှိပြီး ခရစ်တော်ဘုရားရှင်၏ ကောင်းချီးတော်များအစဉ်ခံစားရရှိနိုင်ပါစေလို့(၂၅)နှစ်ပြည့် ငွေစင်ဂျူဘီလီရှင် Sr. Mary Magdalene Rozario ကိုယ်စား မှတ်တမ်းတင်ပြောကြားကြောင်း သိရှိရပါသည်။**ကိုဇေး(စိန်ဖရန်စစ်)**

# ကရုဏာရေးသီလရှင်များမြန်မာပြည်သို့ရောက်ရှိလာခြင်းနှင့် စိန်မေရီ သီလရှင်ကျောင်း နှစ်(၁၀၀)ပြည့်ဂျူဘီလီပွဲတော်

မေလ ၁၆-၁၈၊၅၊ ၂၀၁၆ နေ့တွင် ရှမ်းအရှေ့ပိုင်း၊ ကျိုင်းတုံမြို့၊ ကရုဏာသီလရှင်များ မြန်မာပြည်သို့ ရောက်ရှိလာခြင်းနှင့် စိန်မေရီသီလရှင် ကျောင်းနှစ်(၁၀၀)ပြည့် ဂျူဘီလီပွဲတော်ကို ကျင်းပခဲ့ပါသည်။

၁၆ ရက်ညနေ ၄း၃၀ နာရီ ရာပြည့်ဂျူဘီလီ မှတ်တိုင်ကောင်းကြီးပေး ဖွင့်ပွဲအခမ်းအနားကိုပြုလုပ်ခဲ့ရာတွင် ကျိုင်းတုံသာသနာ ဂိုဏ်းအုပ်ဆရာတော်ကြီး ပီတာလွီးစ်ကျာခူမှ ကောင်းကြီးပေး၍ ရာပြည့်ဂျူဘီလီပွဲတော်ကိုဖွင့်လှစ်ပြီးနောက် ရပ်နီးရပ်ဝေးမှ ရောက်ရှိလာကြသော စိန်မေရီကျောင်းသူ/သားဟောင်း မိသားစုတွေ့ဆုံကြပြီး စိန်မေရီကျောင်း၏ နှစ်(၁၀၀)ပြည့်ဂျူဘီလီပွဲတော်၏ ဂျူဘီလီအထိမ်းအမှတ်လက်ဆောင်ပေးအပ်ခြင်း၊ အတူတကွမိတ်ဆုံစားပွဲ အခမ်းအနား ပြုလုပ်ခဲ့ပါသည်။ ကရုဏာရေးသီလရှင်များ၏ ကြိုးစားအနစ်နာခံမှုကြောင့် မိမိတို့သည် ပညာတတ်ဖြစ်လာပြီး အသိတရားကြွယ်လာခဲ့ကြောင်း ပြောကြားခဲ့သည်။ (၁၇)ရက်နေ့ နံနက်(၆) နာရီ သီလရှင်လောင်းများ ပထမသစ္စာပြုခြင်းမစ္ဆားတရားတော်မြတ်ကို ဂိုဏ်းအုပ်ဆရာတော်ကြီး ပီတာလွီးစ်ကျာခူမှ ကြီးမှူး၍ တောင်ကြီးဂိုဏ်းချုပ်သာသနာမှဆရာတော်ကြီးဘာစီးလျှိုအားသိုက်၊ လွိုင်ကော်ဂိုဏ်းအုပ်သာသနာမှဆရာတော်စတီးဗင်းတျေးဖဲ၊ ဆရာတော်ဆိုတေးရို နှင့်အတူဘုန်းတော်ကြီးများ ပါ၀င်ပူဇော်ဆုတောင်းကြပါသည်။

ကရုဏာရေးသီလရှင်ဂိုဏ်းမှ သီလရှင်အသစ် (၉)ပါး ပထမသစ္စာပြုခဲ့ကြပါသည်။၎င်းသီလရှင်တို့မှာ-

Sr.Carmela May Kyu Khine (TGN)
Sr. Catherine Theingy Soe (PTN)
Sr. Elizabeth Htwe Nge (KTN)
Sr. Elizabeth Petru (KTN)
Sr. Giovanna Wai Wai Aung (LKW)
Sr. Immaculata Naw Gemu (LKW)
Sr. Jacinta MuDaw (KTN)
Sr. Maria Thu Zar Win (MDY)
Sr. Veronica Nyo Nyo Sein (MDY)

တို့ဖြစ်ကြပါသည်။

ပထမသစ္စာခံသီလရှင်အသစ်(၉)ပါး၏ ဘ၀အသက်တာနှင့်ကိုက်ညီသောမင်္ဂလာတရားတော်ဖြစ်သည့်(မာတေဦး ၅း၁-၁၂) ကို ခွန်အားဖြည့် တရားချွေပေးတော်မူသော အဖဆရာတော်ကြီး ပီတာလွီးစ်သည် သုံးပါးသစ္စာနှင့် နှိုင်းယှဉ်၍ တရားတော်ကို မြွက်ကြားခဲ့ပါသည်။ (၁၈) ရက်နေ့ မနက်(၆) နာရီတွင် စိန်ဘာတိုလိုမေးယားနှင့် ဗီချင်းဇာတို့ တည်ထောင်ခဲ့သော သူငယ်တော်မမာရီးယားသီလရှင်အသင်းမြန်မာနိုင်ငံသို့ရောက်ရှိခြင်း နှစ်(၁၀၀)ပြည့်ဂျူဘီလီနှင့် သာသနာအမှုတော်ဆောင် ကရုဏာသီလရှင်ဂိုဏ်းမှ နှစ်(၅၀)ပြည့်ရွှေဂျူဘီလီ ရှင်လေးပါးဖြစ်သော Sr.BeatricLucre၊ Sr.Margaret Htoi၊ Sr.RoseMary Htoi ၊Sr.Virginia Johnsနှင့် ၂၅ နှစ်ပြည့် ငွေစင်ဂျူဘီလီ ၈ပါး Sr.Dorothy Tity၊ Sr.Jenny Nang Lone ၊ Sr.Lucia Bu Shu Sr.Monica Nancy ၊ Sr.RoseMary Khin Pan ၊ Sr. Rosie CecyWin၊ Sr.Theresa Ahtwe တို့အားကျေးဇူးတင်ဂုဏ်ပြု မစ္ဆားတရားတော်မြတ်ပူဇော် ဆုတောင်းခြင်းကို ရှင်မာတေးဦး၂၅း၃၁-၄၅ ကျမ်းချက်ကိုထောက်ရှု၍ အစာရေငတ်မွတ်သူများ၊ အတိဒုက္ခရောက်သူများ၊ ထောင်ကျသူများကဲ့သို့သောသူများအတွက်ယနေ့ကျွန်ုပ်တို့ လက်မရှိသောသူအတွက် လက်ဖြစ်စေပြီး၊ နှလုံးသားမရှိသေးသောသူအတွက် နှလုံးသားပြည့်၀သူများဖြစ်စေရန်ဘုရားရှင်ကိုဆက်ကပ်နေသောသီလရှင်များသည် အစေခံခြင်းဖြင့် ဆက်ကပ်ခြင်းအသက်တာကို ခေတ်ရေစီးကြောင်းအတိုင်းခေတ်၏လိုအပ်ချက်ကို ဖြည့်စွက်ပေးခြင်းဖြင့်ခရစ်တော်ကဲ့သို့အစေခံ၍ ခရစ်တော်ခန္ဓာကိုယ်လိုဖြစ်စေဖို့ တရားတော်မြွက်ကြားခဲ့ပါသည်။

***ထာ၀ရဘုရား၏ကရုဏာမေတ္တာတော် သည် အစဉ်ထာ၀ရတည် တော်မူသောကြောင့် ကိုယ်တော်ကိုချီးမွမ်းကြလော့။ ဆာလံ၁၃၆း၁***

ဆာလံသီချင်းအတိုင်းယနေ့ရာပြည့်ဂျူဘီလီနေ့ထူးနေ့မြတ်မှာ ဘုရားသခင်ကျေးဇူးတော်ကြောင့် ရာပြည့်ဂျူဘီလီပွဲတော်ကို ကောင်းမွန်စွာကျင်းပကြောင်း ကရုဏာသီလရှင်အသင်းဂိုဏ်း၏မွေးနေ့ (၁၈၄)နှစ် ဖြစ်သလိုမြန်မာပြည်တွင် နှစ်ပေါင်း(၁၀၀)ပြည့်ခဲ့ပြီဖြစ်ကြောင်း၊ ပွဲတော်အတွက် ကမကထပြုပေးသော ဆရာတော်ကြီးပီတာလွီးစ်နှင့်အတူ ဆရာတော်များ၊ ရဟန်းတော်များ သူတော်စင်ဂိုဏ်းအသီးသီးမှ သီလရှင်များ၊ စိန်မေရီကျောင်းသူ/သားဟောင်းများ၊ ဘာသာတူမွေ့မိတ်ဆွေများ၊ ကျောင်းသူ/သားများကို ကျေးဇူးတင်ရှိကြောင်း ကရုဏာအသင်းဂိုဏ်း၏ အကြီးအကဲမှကျေးဇူးတင်စကားပြောကြားသွားခဲ့ပါသည်။

**Sr.Rose (Sdp)**





# ဆလေးရှင်းသီလရှင်များ၏ရွှေစင်ဂျူဘီလီနှင့် ရာသက်ပန်သစ္စာဆိုခြင်းအခမ်းအနား

မန္တလေးကက်သလစ်သာသနာ၊ပြင်ဦးလွင်မြို့၊အနီးစခန်း ဆလေးရှင်းသီလရှင်များ၏အသင်းဂိုဏ်း၌ (၁၃၊၅၊၂၀၁၆) ရက်နေ့တွင်သူတော်စင်ကြယ်လေးခုနစ်ပွင့်ထွန်းတောက်ခဲ့သည်။ နံနက်(၇း၃၀) တွင်Sr.Ma Goretti သည်မော်နေးဆေးဘုရားကျောင်း၌ ပထမသစ္စာကိုခံယူခဲ့ပြီး ဆလေးရှင်း ဘုန်းတော်ကြီးများ၏အကြီးအကဲFr.Charlesစောသီဟန်လွင်မှ ဦးဆောင် ၍ မဿားတရားတော်မြတ်ကိုပူဇော်ပေးခဲ့သည်။သူတော်စင်ဘဝကိုအစပျိုးမည့်စစ္စတာရ်လေးအား မိမိ၏ခံယူချက်ဖြင့် ဘုရား သခင်၏ချစ်ခြင်းကိုသစ္စာရှိရှိတုန့်ပြန်ရန်အားပေးခဲ့သည်။

တစ်ဆက်တည်းတွင် အနီးစခန်းမယ်တော်ရင်ပြင်၌နံနက်(၁၀)နာရီတွင် ရွှေစင်ဂျူဘီလီနှင့် ရာသက်ပန်သစ္စာဆိုခြင်းအခမ်းအနားကိုမန္တလေးဂိုဏ်းချုပ် ဆရာတော်ကြီးနီကောလပ်စ်မန်းထန်မှ ကြီးမှူး၍ဆလေးရှင်းဘုန်းတော်ကြီးများ၊ဂိုဏ်းအသီးသီးမှရဟန်း၊ ကိုရင်၊ သီလရှင်များ၊ မိဘဆွေမျိုးများ၊ဘာသာတူညီအစ်ကိုမောင်နှမများနှင့် ကျင်းပပြုလုပ်ခဲ့ကြသည်။

ဆရာတော်ကြီး၏လက်တော်၌ရွှေစင်ဂျူဘီလီရှင် Sr. Thecla ချစ်မေနှင့် ရာသက်ပန် သစ္စာရှင်များဖြစ်ကြသော Sr. Rosalia Phyu Phyu Win, Sr. Teresa Koma, Sr.Cecilia Hkawn Num Sr. Susanna Ning Mun Niang နှင့် Sr. Sylvie Cynthimarတို့သည် မိမိတို့၏ဘဝကိုဘုရားသခင်ထံထာဝရဆက်ကပ်အပ်နှံခဲ့ကြသည်။ ဆရာတော်ကြီးက ဖြူစင်ခြင်း၊နာခံခြင်း၊ဆင်းရဲခြင်းသစ္စာများဖြင့်သဘာဝတရားကို ထိန်းသိမ်းစောင့်ရှောက်တတ်သည့် သူများဖြစ်စေရန် တိုက်တွန်းနှိုးဆော်ခဲ့သည်။ သဘာဝတရားကို နာခံတတ်ရန်နှင့် ချစ်မြတ်နိုးတန်ဖိုးထားတတ်ရန် မွက်ကြားခဲ့သည်။

သစ္စာရှင်များသည် ခရစ်တော်၏ခင်ပွန်းအမှတ်အသားဖြစ်သောပန်းသရဖူကိုဆလေးရှင်းသီလရှင်များ၏ နယ်စီးအကြီးအကဲ Sr.Jessica Salvaña ၏ လက်တော်မှ လက်ခံယူခဲ့ပြီး လူထုပရိတ်သတ်ကြီး၏ ရှေ့တွင်လက်မှတ်ရေးထိုးခဲ့ကြသည်။ ထိုပွဲတော်ကြီးတွင် မန္တလေးသာသနာ၊ ချမ်းသာကုန်းမှ လူငယ်များ၊ ရိုမဲရိုဘော်ဒါကျောင်းမှ ကျောင်းသူများနှင့် ဆလေးရှင်းသီလရှင်များက Carol သီချင်းများသီဆိုပေးခြင်းဖြင့် ပွဲနေ့ရှင်များအားဂုဏ်ပြုခဲ့ကြသည်။ ထိုညတွင် မိသားစု ဖျော်ဖြေရေးအစီစဉ်ကိုပြုလုပ် ကျင်းပကြပြီး ဂျူဘီလီရှင်နှင့် ရာသက်ပန်သစ္စာရှင်များအား ဂုဏ်ပြုပေးခဲ့ကြသည်။

(J Star. FMA)

# ပထမအကြိမ်ကလေးကက်သလစ်သာသနာလုံးဆိုင်ရာ ဓမ္မဆရာ/မများ၏ စုံညီအစည်းအဝေးကြီးနှင့်မွမ်းမံသင်တန်း



ပထမအကြိမ်ကလေးကက်သလစ်သာသနာလုံးဆိုင်ရာ ဓမ္မဆရာ/မများ၏ စုံညီအစည်းအဝေးကြီးနှင့် မွမ်းမံသင်တန်းကို ဧပြီလ (၂၆ မှ၂၈) ရက်အထိ ကလေးမြို့ ဆရာတော်ကျောင်းဝင်း Pastoral Center၌ ကျင်းပရာ၊ ဓမ္မဆရာ/မ(၁၆၆)ဦး တက်ရောက်ခဲ့သည်။Bishop Felix Lian Khen Thang ၏ ဦးဆောင်မှုဖြင့် နေ့တိုင်းမဿားတရား ပူဇော်ပေးခြင်းနှင့် အဖွင့်အမှာစကားမိန့် ကြားခဲ့ပါသည်။ အဆိုပါမွမ်းမံသင်တန်းတွင်ဘုန်းတော်ကြီးဒေါက်တာ Rev. Dr. Fr. Lucas Tha Ling Suum, Ph.Dမှ Biblical Catechetical Application, Rev.Fr. Camillus Suan (SDB),M.Th မှ Catechesis and Application of CCC ဘာသာရပ်တို့ကို ပို့ချခဲ့ပြီး ဝိညာဉ်ခွန်အားရရှိကြသည်။ ၂၆ ရက်နေ့ည အစီအစဉ်တွင် ဆရာဂီလျှံပေါင်မှ ASIPA Gospel Sharing ဦးဆောင်ဝေမျှခဲ့ကာ (၂၇)ရက်နေ့ ညတွင် ဖုံနယ်(၄)ဖုံမှ ပါရင့် ဓမ္မဆရာကြီး(၄)ဦးတို့က ဓမ္မဆရာဘဝနှင့် အတွေ့အကြုံများဝေမျှသွားခဲ့သည်။ (၂၈)ရက်နေ့ညတွင်ဓမ္မဆရာကြီး (၇)ဦး တို့အား သာသနာမှ ချီးမြှင့်သော Silver Jubilee ဂုဏ်ပြုလွှာနှင့် လက်ဆောင်ပေးအပ်ခြင်း၊ အဖဆရာတော်မှလက် ဆောင်ချီးမြှင့်ခြင်း၊သင်တန်းပို့ချသောဘုန်းတော်ကြီး(၂)ပါးတို့အားလက်ဆောင် ဆက်ကပ် ချီးမြှင့်ခြင်းများပြု လုပ်ကြပါသည်။ အဆိုပါ သင်တန်း ကာလတွင် ဓမ္မဆရာများမှသာသနာသို့ အချက်(၉)ချက်ပါဝင်သော အဆိုတင်သွင်းခြင်းရှိရာအချက် နံပါတ်(၃)၊(၈)နှင့်(၉)တို့ကိုဘုန်းတော်ကြီးများ၏ နှစ်ပတ်လည်အစည်းအဝေး၌ ပြန်လည်အတည်ပြုမည်ဖြစ်ပြီး ကျန်အချက်များ အတည်ပြုခဲ့ပြီးဖြစ်ပါသည်။ ၂၈ရက်နေ့ညနေပိုင်းတွင် ဘုန်းတော်ကြီး John Khup ၏ ဦး ဆောင်မှုဖြင့် Praise and worship ပြုလုပ်ရာပရောဖက် ယောနအကြောင်း၊ဂျွန်ဗတ္တိစတားအကြောင်း၊ သံပေါလူးအကြောင်းနှင့်သံပေတရူးအကြောင်းတို့ကို ထောက်ရှုစဉ်းစားပြီး မိမိသည်အဘယ်သူ၏ ဘဝနှင့်တိုက်ဆိုင်မှုရှိကြောင်းကို သက်သေခံကြပါသည်။ ထို့နောက် ကိုယ်တော်မြတ်ရောင်ခြည်တော်နှင့်အတူ အဖဆရာတော်ဘုရား၏ ရှေ့မှောက်တွင် ကတိသစ္စာဆိုကြကာလက်ဂါးကပ်တိုင်တစ်ခုစီပေးအပ်ပြီးစေလွှတ်ခြင်းအခမ်းအနား ပြုလုပ်ကြ၍ ကိုယ်တော်မြတ်ကောင်းကြီး၊ အဖဆရာတော်ကြီးနှင့် ရဟန်းဘုန်းတော်ကြီးများ၏ ကောင်းကြီးမင်္ဂလာခံယူအပြီး အခမ်းအနားကိုအောင်မြင်စွာဖြင့်ရုပ်သိမ်းခဲ့သည်။ အဆိုပါ သာသနာလုံးဆိုင်ရာ ဓမ္မဆရာ/မများ၏စုံညီပွဲတော်နှင့် မွမ်းမံသင်တန်းကို (၃)နှစ်တစ်ကြိမ်ပြုလုပ်သွားမည်ဖြစ်ပါသည်။ ကလေးကက်သလစ်သာသနာတွင် ဓမ္မဆရာ/မ စုစုပေါင်း(၁၈၆)ဦးရှိပြီး(၁၆၆)ဦးတက်ရောက်နိုင်ကာ(၂၀) ဦး ပျက်ကွက်ကြောင်း သိရှိရပါသည်။ မွမ်းမံသင်တန်း၏ အဓိကသော့ချက်ဆောင်ပုဒ်မှာ "ဟောပြောသော သူတို့၏ခြေတို့သည်အလွန်တင့်တယ်လှပေသည်" ဖြစ်ပါသည်။(ရောမ၁၀း၁၄-၁၅)

ကိုဝီလျံ -RVA

# ဓမ္မအာဇာနည်ဘုန်းတော်ကြီးစတီးဗင်းဝေါင်းအားဂုဏ်ပြုသည့်ယုံကြည်ခြင်းခရီးစဉ်

ကျိုင်းတုံကက်သလစ်သာသနာပြုကျောင်းတိုက်၏ ဒါရိုက်တာနှင့်ဘုန်းတော်ကြီးစတီးဗင်းဝေါင်းအား ရဟန္တာတင်မြှောက်ရေးကော်မတီအတွင်းရေးမှူးလည်းဖြစ်သည့် ဘုန်းတော်ကြီးစတီးဗင်းအားနို ဦးဆောင်သော ဘုရားဖူးအဖွဲ့သည် ဓမ္မအာဇာနည်ဘုန်းတော်ကြီးစတီးဗင်းဝေါင်းအား ဂုဏ်ပြုလျက် ၂၀၁၆ခုနှစ်၊ ဧပြီလ(၇)ရက်နေ့မှ(၁၀)ရက်နေ့အထိ ဘုန်းတော်ကြီး စတီးဗင်းဝေါင်း နောက်ဆုံးအကြိမ် ခြေကျင်လျှောက် သာသနာပြုခဲ့သည့် လမ်းအတိုင်း လမ်းလျှောက်ခြင်း အစီအစဉ်စတင်ခဲ့ကြပါသည်။



အဆိုပါအစီအစဉ်တွင် စီစဉ်ဦးဆောင်သူဘုန်းတော်ကြီးစတီးဗင်းအားနို၊ ဘုန်းတော်ကြီးရောဘတ်ရဲဝင်း၊တုံဂွါအောက်ရွာမှ ကိုရင်သောမတ်(စ်)၊မြော်မြင်ခြင်းသီလရှင်နှစ်ပါး၊ကရုဏာရေးသီလရှင်တစ်ပါး၊ မိခင်(၉)ဦး၊ ဖခင်နှစ်ဦး၊ စာရေးသူအပါအဝင် White Legend Mediaဒါရိုက်တာကိုဖရက်ဒီနှင့်လူငယ်(၉)ဦးတို့သည် (၇၊၄၊၂၀၁၆)ရက် တွင်ကားနှစ်စီးဖြင့်စတင်ထွက်ခွာခဲ့သည်။ တုံဂွါအထက်ရွာသို့ညနေ(၅)နာရီတွင် ဘုန်းတော်ကြီး စတီးဗင်းဝေါင်းကိုယ်တိုင်တည်ဆောက်ခဲ့သောမယ်တော်ဂူရှေ့တွင် ထိုရွာသူ/သားများ နှင့်အတူတကွ စိပ်ပုတီးစိပ်အပြီး မစ္ဆားတရားပူဇော်ခဲ့ပါသည်။

တုံဂွါအောက်ရွာမှ လားဟူအမျိုးသားလမ်းပြနှစ်ဦးအပါအဝင်တုံဂွါရွာသူ/သား (၁၅)ဦးခန့်သည်လည်းအတူတူလမ်းလျှောက်ချင်သည်ဟုဆိုကာ အသင့်စောင့်နေသည်ကိုတွေ့ရသည်။ ဘုန်းတော်ကြီးစတီးဗင်းဝေါင်း နောက်ဆုံးလမ်းလျှောက်သာသနာပြုခဲ့သည့် လမ်းအတိုင်း မုန့်တစ်လုံးနှင့် ရေဘူးတစ်ဗူးကိုယ်စီနှင့်စတင်လမ်းလျှောက်ခဲ့ကြသည်။ ညနေ(၃)နာရီတွင် ဘုန်းတော်ကြီး စတီးဗင်းဝေါင်း နောက်ဆုံးသာသနာပြုခဲ့သည့် ကော့ဆန်းရွာသို့ရောက်ရှိကာ ညနေ ၅ နာရီတွင် စိပ်ပုတီးစိပ်ခဲ့ကြသည်။

၁၀၊၄၊၂၀၁၆နံနက် ၈ နာ ရီတွင် ဘုန်းတော်ကြီးစတီးဗင်းဝေါင်းအသတ်ခံခဲ့ရသည့်နေရာသို့ ဆက်လက်လမ်းလျှောက်ထွက်ခဲ့ရာနံနက်(၁၀)နာရီတွင်ရောက်ရှိပြီး မစ္ဆားပူဇော်ရင်းခရီးစဉ်ကိုအဆုံးသတ်ခဲ့ပါသည်။

လမ်းလျှောက်ခြင်းခရီးစဉ်အတွေ့အကြုံနှင့်ပတ်သက်၍ ကရုဏာရေးသီလရှင်စုစုလိုင်က "မောလည်းမောတယ်၊ ပျော်လည်းပျော်တယ်။ နောက်ပြီးတော့မှ လမ်းလျှောက် နေရင်းနဲ့ သမ္မာကျမ်းစာမှာပါတဲ့ အဖြစ်အပျက်လေးတွေကိုလည်း သတိရမိတယ်။ သခင်ယေဇူးက တပည့်တော်ကြီးတွေကိုစေလွှတ်တဲ့အချိန်တခြားအရာတွေမယူနဲ့။ အလိုအပ်ဆုံးတွေကိုပဲယူပေါ့။ကိုယ်ကလည်းမုန့်တစ်လုံးရယ်၊ရေတစ်ဘူးရယ်၊ ယူပြီးမှ သွားတာပေါ့နော်။ သွားရင်းသွားရင်းနဲ့ မောလာတယ်၊မောလာတဲ့အခါကျတော့ သခင်ယေဇူးက တခြားအရာ တွေမယူဘဲနဲ့ ဒီအရေးကြီးတဲ့ဟာတွေပဲယူဆိုပြီး ဘာဖြစ်လို့ပြောတာလဲဆိုတာနားလည်လာတဲ့တစ်ခုက မောလာတဲ့အခါကျရင်တခြားဟာတွေ ဘယ်လိုနည်းနဲ့မှ မသယ်နိုင်ဘူး။ သြော်..ဒီအတွက်ကြောင့်သူပြောတာဆိုပြီးတော့ အသိတစ်ခုနားလည်လာတယ်ပေါ့။"

စစ္စတာရဲမေရီဇာနည်ငြိမ်းကလည်း "လမ်းလျှောက်မသွားခင် Fr.အားနို က ခရီးအကွာအဝေးကို ပြောတဲ့အချိန်မှာ အစတော့မသွားချင်ဘူး။ ဒါပေမဲ့အဲဒီယုံကြည်ခြင်းခရီးလမ်း လျှောက်တဲ့အချိန်မှာ ဖာသာစတီးဗင်းဝေါင်းက ဘယ်လောက်အထိ ခက်ခက်ခဲခဲနဲ့ ခရစ်တော်ကို ယုံကြည်သူတွေဆီမှာ ဝေမျှပေးခဲ့သလဲပေါ့နော်။ အခုကိုယ့်အလှည့်ကျတော့ ဒီခရီးလေးကိုတောင်မသွားနိုင်ဘူးလားပေါ့၊ ပြီးမှဖာသာရဲ့စတီးဗင်းဝေါင်းရဲ့ ခရီးစဉ်ကို သွားရတဲ့အတွက်ကြောင့်မို့လို့ ပျော်ရွှင်မိတယ်၊ ကိုယ့်ရဲ့ယုံကြည်ခြင်းလည်းပို ပြီးမှကြီးမားလာတယ်လို့ ခံစားရပါတယ်" ဟု ပြောကြားခဲ့ကြပါသည်။ ကျိုင်းတုံကက်သလစ်သာသနာ၏ ပထမဆုံးဓမ္မအာဇာနည်ဘုန်းတော်ကြီး စတီးဗင်းဝေါင်းအား ရဟန္တာတင်မြှောက်နိုင်ရေး အတွက် ဘုန်းတော်ကြီး စတီးဗင်း အားနိုကဦးဆောင်ကာ ကြိုးစားလုပ်ဆောင်လျက်ရှိရာ မေ(၁၉) သည် ကျိုင်းတုံကက်သလစ်သာသနာ၏ မကြေ့စဖူးထူးခြားသောရက်မြတ် ဖြစ်ပါသည်။ ဓမ္မအာဇာနည်ဘုန်းတော်ကြီးစတီးဗင်းဝေါင်းအား ရဟန္တာတင်မြှောက်နိုင်ရေး အစီအစဉ်အတွက် ကျိုင်းတုံသာသနာရှိ ဆရာတော်ကြီး အမှူးပြု၍ ရဟန်းဘုန်းတော်ကြီးများမှ ကမကထပြုပြီးငှင်းအစီအစဉ်ကိုပြုရခြင်းဖြစ်ပါသည်။

ပထမဦးစွာFr.စတီးဗင်းဝေါင်း၏ ရေးသားချက်များကို ယုံကြည်ခြင်းဆိုင်ရာရှုထောင့်ကိုပြန်လည်သုံးသပ်ပေးမည့် ယုံကြည်ခြင်းဆိုင်ရာကော်မရှင်အဖွဲ့ကို ဆရာတော်ဘုရားမှ လက်မှတ်ထိုးတာဝန်ပေးအပ်ခဲ့ပါသည်။

ဂိုဏ်းအုပ်သာသနာ အနေဖြင့် ရဟန္တာတင်မြှောက်ခြင်း စတင်ဖွင့်လှစ်ခြင်းအစီအစဉ်ဖြစ်သလို၊ ရဟန္တာတင်မြှောက်ခြင်းဆိုင်ရာ အစီအစဉ် တစ်လျှောက်လုံးတွင်ပါဝင်မည့် ဘုန်းတော်ကြီးများကတိသစ္စာပြုခြင်းနှင့် ဆရာတော်ကြီးပီတာလွိုစ်မှ တာဝန်အသီးသီး လွှဲအပ်ခန့်အပ်ခြင်း အခမ်းအနားကိုပြုလုပ်ခဲ့ပါသည်။

သန့်ရှင်းဖြူစင်သောမယ်တော်၏ ရွှေနှလုံးတော် ဘုရားကျောင်းတွင် ရဟန္တာသူတော်စင်တင် မြှောက်ခြင်းဆိုင်ရာ လျှောက်တင်ချက်များအား ဘုန်းတော်ကြီး စတီးဗင်းဝေါင်းနှင့်ပတ်သက်၍ သူ့အားတွေ့ဖူး၊ ကြုံဖူး၊ ပတ်သက်ဖူးသူဘာသာတူများမှ သက်သေခံခြင်းကိုတရားဝင်စတင်တော့မည်ဖြစ်ကြောင်း ကြေငြာစာတမ်းကိုဂိုဏ်းအုပ်ဆရာတော်မှအများသိစေရန်အသိပေးကြေငြာခဲ့ပါသည်။ ထို့နောက်သက်သေခံပုဂ္ဂိုလ်များကို ဆက်လက်၍ စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်းသိရှိရပါသည်။

(ရှီ့စ် SdP)

# မြန်မာတစ်နိုင်ငံလုံးဆိုင်ရာကက်သလစ်ဓမ္မသီချင်းဆိုပြိုင်ပွဲ (ပထမ)အဆင့်(ရန်ကုန်)

၂၀၁၆ခုနှစ် မေလ(၁၄)ရက်နေ့ နံနက်(၉)နာရီအချိန်တွင် အင်းစိန် St. Peter and St.Paul သာသနာ ကရင်ဖားစည် ဘုရားကျောင်းတွင်ကက် သလစ်ဓမ္မသီချင်းဆိုပြိုင်ပွဲ (ပ)အဆင့်ကို Fr. Benedict စောကျော်ကျော်နိုင် မှ ဦးဆောင်၍ကျင်းပပြုလုပ်ခဲ့ပါသည်။ ထိုပထမအဆင့်ပြိုင်ပွဲတွင် ရန်ကုန်သာသနာရှိသာသနာအသီးသီးမှပြိုင်ပွဲဝင်ဦးရေ(၂၉)ဦးတက်ရောက်ယှဉ်ပြိုင်ခဲ့ကြ၍ Fr.Henryသူရဇော်မင်း၊ တေးရေးတေးဆိုကိုလု(ဘာဘလု)၊တေးရေးတေးဆိုကိုဂျွန်တို့က အကဲဖြတ်ဒိုင်လူကြီးအဖြစ်ဆောင်ရွက်ခဲ့ကြပြီး၊ ပြိုင်ပွဲဝင်(၂၉)ဦးမှ ဆန်ကာတင်(၈)ဦးကို ရန်ကုန်သာသနာကိုယ်စားရွေးချယ်ခဲ့ကြပါသည်။ထိုရွေးချယ်ခြင်း ခံခဲ့ရသော(၈)ဦးမှာ မေလ(၂၈)ရက်တွင် St.Peter and St.Paul ဘုရားကျောင်း၌ ရန်ကုန်ဂိုဏ်းချုပ်သာသနာအနေဖြင့်ဆက်လက်၍ပြိုင်၊ မော်လမြိုင်၊ ဘားအံ၊ ပုသိမ်သာသနာမှ ရွေးချယ်ခံရသောသူများနှင့် (ဒုတိယ) အဆင့်ကို ဆက်လက်ယှဉ်ပြိုင်ကြကြောင်းသိရှိရပါသည်။

ပုံလွှားဖြူ(ရန်ကုန်)

# ပညာစမ်းရေ ဆရာဖြစ်သင်တန်း အမှတ်စဉ်(၅) ဆရာဖြစ်အောင်လက်မှတ်ပေးအပ်ခြင်းနှင့် အမှတ်စဉ်(၇)သင်တန်းသူ/သားများဝေလွှတ်ခြင်းအခမ်းအနား



မေလ ၂၁၊ ၂၀၁၆ ခုနှစ်တွင် ရန်ကင်း၊ စိန့်ဂျူဒ်ဘုရားကျောင်း၊ ရန်ကုန်သာသနာတွင် ပညာစမ်းရေပညာရေးကျောင်းမှအမှတ်စဉ် (၅) သင်တန်းဆင်း အောင်လက်မှတ် ချီးမြှင့်ခြင်းနှင့် အမှတ်စဉ် (၇) သင်တန်းသူ၊ သားများအား နယ်ဘော်ဒါဆောင်များ၊ သာသနာပြုကျောင်းများ၊ အစိုးရကျောင်းများ၊ ဘုန်းတော်ကြီးသင်ကျောင်းများနှင့် လူမှုရေး အသင်းအဖွဲ့ကျောင်းများတွင် လက်တွေ့ သင်ကြားရန်စေလွှတ်ခြင်း အခမ်းအနား ကိုကျင်းပခဲ့သည်။ အခမ်းအနားသို့ အဖဆရာတော်ဂျွန်စောယောဟန်၊ ဖာသာရ်နိုအယ်(လ်) စောနောဇနှင့် ရဟန်းတော် (၄) ပါး၊ စစ္စတာရ် (၂၅) ပါး၊ ဘရာသာရ် (၁)ပါး၊ ဖိတ်ကြားထားသော အထူးဧည့်သည်တော်များ၊ မိဘမိတ်ဆွေများ၊ သင်တန်းသူ၊ သင်တန်းသားများနှင့် သင်တန်းဆရာ၊ ဆရာမများ (၁၅၀)ခန့် တက်ရောက် ပါဝင်ခဲ့ကြသည်။

အခမ်းအနားတွင် (၂) နှစ် သင်တန်းတက်ပြီး၊ နယ်များတွင် လက်တွေ့ (၂)နှစ် ဆက်ကပ်သင်ကြားပြီးသော အမှတ်စဉ် (၅) သင်တန်းသူ/သား (၁၄) ဦးအား ဆရာအဖြစ် အောင်လက်မှတ်ပေးအပ်ခဲ့သည်။ ထို့ပြင်စာတွေ့သင်တန်း (၂) နှစ်တက်ပြီးသော အမှတ်စဉ်(၇) သင်တန်းသူ၊သား(၁၂)ဦးအားလည်း မြန်မာနိုင်ငံ တစ်ဝန်းသို့ လက်တွေ့ ဆက်ကပ်သင်ကြားရန်စေလွှတ်ခဲ့သည်။

အခမ်းအနားတွင် အဖဆရာတော်ဘုရားမှ ချစ်ခြင်း မေတ္တာနှင့်ပတ်သက်၍ ဟောမြွက်ခဲ့သည်။ ချစ်ခြင်းမေတ္တာတွင် ခွင့်လွှတ်ခြင်း၊ စိတ်ရှည်ခြင်း၊ ငြိမ်းချမ်းခြင်း၊ အကောင်းမြင်စိတ်ထားရှိခြင်း၊ ကျေးဇူးတော်ချီးမွမ်းခြင်း၊ ညီအစ်ကိုစိတ်ရင်း ထားရှိခြင်း၊ ညီအစ်မစိတ်ရင်းထားရှိခြင်း ဟူ၍ ဟောမြွက်ခဲ့သည်။နယ်ဆင်းမည့် ဆရာ၊ဆရာမများကိုလည်း ချစ်ခြင်းမေတ္တာရှေ့ထား၍ သင်ကြားပေးရန်တိုက်တွန်းခဲ့သည်။ဆရာဖြစ်သင်တန်းသူ ကက်သရင်းကလည်း "ဘုရားရဲ့ ကျေးဇူးတော်ကြောင့် ပညာစမ်းရေ ပညာရေးကျောင်းမှာ ပညာသင်ခွင့်ရတဲ့အတွက်ကြောင့်ဘုရားသခင်ကိုအထူး ကျေးဇူးတင်မိတယ်။ပညာစမ်းရေကျောင်းသို့ခေါ်ဆောင်သွားပေးသော ဆရာတော်ဘုရားနှင့်တကွ စစ္စတာရ်၊ ဆရာ၊ ဆရာမများအား လုံးကို ကျေးဇူးတင်ရှိပါတယ်။ ပညာ သင်ကြားနေစဉ် များစွာသော ဗဟုသုတ၊ အတွေ့အကြုံတွေပိုမိုရရှိ လာပါတယ်။ သင်ကြားသမျှ ဘာသာရပ်အားလုံးတွေလည်း ဗဟုသုတ တိုးပွားစေရုံ သာမက တကယ့်စိတ်ပိုင်းဆိုင်ရာနည်းလမ်းတွေရရှိပြီးတစ်နေ့ပြီးတစ်နေ့ဘယ်လို ကောင်းသောလူဖြစ် လာနိုင်အောင်ကြိုးစားဖို့ ခွန်အားရရှိ လာပါတယ်။ မတူညီသောလူမျိုးစုတွေ စုစည်းပြီးမတူညီသော အတွေ့အကြုံ၊ဗဟုသုတများစွာ ရရှိလာပြီး တကယ်စုစည်းတဲ့ အသင်းအဖွဲ့ဖြစ်လာအောင် ပညာစမ်းရေကျောင်းမှ နည်းလမ်းမျိုးစုံဖြင့်ဖန်တီးပြုပြင်ပေးနိုင်ခဲ့ပါတယ်။ ဒီသင်တန်းရဲ့ အဆုံးမှာပညာရေးဘယ်လောက်အရေးပါ ကြောင်းပိုမိုသိရှိ နားလည်လာပါတယ်။ အနာဂါတ်မှာ တကယ်ထူးချွန်တဲ့ ကလေးတွေဖြစ်လာနိုင်အောင် ပြောင်းလဲနိုင်မဲ့ အခွင့်အရေး ကျွန်မတို့လက်ထဲမှာရှိပါတယ်။ ဒါကြောင့် ကျွန်မတတ်နိုင်သလောက်၊ လက်လှမ်း မှီသ၍ ကြိုးစားသွားပါမယ်။" ဟုပြောပြခဲ့ပါသည်။ အခမ်းအနားတွင် အဆို၊ ပြဇာတ် များဖြင့် တင်ဆက်ခဲ့ပြီး ဆရာတော်ကောင်းကြီးမင်္ဂလာနှင့် စေလွှတ်ခြင်းအစီအစဉ်ဖြင့်အဆုံးသတ်ခဲ့သည်။

## ပညာစမ်းရေပညာရေးကျောင်းသမိုင်းအကျဉ်း

ပညာစမ်းရေ ပညာရေးကျောင်းကို ရန်ကုန်ဂိုဏ်းချုပ်သာသနာ နှင့်သူငယ်တော်ယေရှု သာသနာပြုဂိုဏ်း(Infant Jesus, IJ) တို့မှ (၂၀၀၇)တွင်စတင် တည်ထောင်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံရှိ ကလေးသူငယ်များနှင့်လူငယ်များ၊ အထူးသဖြင့် အနယ်နယ်အရပ်ရပ်ရှိနွမ်းပါးသော၊ ဆင်းရဲသောကလေးသူငယ်များနှင့်လူငယ်များအားပညာရေးသင်ယူခွင့်ရရှိစေရန်ရည်ရွယ်ချက်ဖြင့်၍ဆရာဖြစ်သင်တန်းကျောင်းကို တည်ထောင်ခဲ့ခြင်းဖြစ်သည်။၂၀၀၇ ခုနှစ်မှယခု လက်ရှိ အထိအမှုဆောင် ဒါရိုက်တာ အဖြစ် ဖာသာရ်နိုအယ်(လ်) စောနောဇမှ တာဝန်ထမ်းဆောင်လျှက်ရှိပြီး ပညာရေးတာဝန်ခံအဖြစ်သူငယ်တော်ယေရှု သာသနာပြုစက်ာပူနိုင်ငံသူ ဂျာစင်းတားကာဒိုဇာမှ တာဝန်ထမ်း ဆောင်လျှက်ရှိသည်။

**Albert စမျိုးချစ်ဇော်**

## AIDSဖြင့်ကွယ်လွန်သူများအတွက် အောက်မေ့သတိရဆုတောင်းပွဲ (AIDS Candle Light Memorial) ကျင်းပ




မြန်မာနိုင်ငံ ဘာသာပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (MINA)မှ ကြီးမှူး၍ အေအိုင်ဒီအက်စ်ဖြင့် ကွယ်လွန်သူများအတွက်မီးထွန်းညှိ ဆုတောင်းခြင်းကို မေလ ၁၅ရက် ၂၀၁၆ တွင်နေပြည်တော်မြို့ရှိ Park Royal Hotel တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ နေပြည်တော်မြို့တွင် ပထမဆုံးအကြိမ် ပြုလုပ်ခြင်းဖြစ်သည်။ ထိုဆုတောင်းပွဲသို့ မြန်မာနိုင်ငံရှိ လွှတ်တော်အမတ်များ၊ လွှတ်တော်ကိုယ်စား လှယ်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ နှင့် မီဒီယာများလည်း တက်ရောက်ခဲ့သည်။ စုစုပေါင်း ၉၂ ဦးခန့် တက်ရောက်ခဲ့ပါသည်။

ဆုတောင်းပွဲတွင် ဘာသာကြီး(၄)ခုဖြစ်သော ဗုဒ္ဓဘာသာ၊ အစ္စလမ်ဘာသာ၊ ဟိန္ဒူဘာသာနှင့် ခရစ်ယာန်ဘာသာတို့မှ ပို့သအမျှဝေခဲ့ပါသည်။ ဘာသာအလိုက် ဆုတောင်းမှုပြုပြီ MINA အဖွဲ့အစည်း၏ဥက္ကဋ္ဌဆရာတော် ဦးအဂ္ဂဝံသ(ရေလယ်ကျောင်း)၊ NAP Program Manager ဒေါက်တာထွန်းညွန့်ဦး (ကျန်းမာရေးဝန်ကြီးဌာန)၊Country Director Mr.Eamonn Murphy (UNAIDS Myanmar)တို့မှ အဖွင့် အမှာစကားပြောခဲ့ပါသည်။ ထို့နောက် ခွဲခြားနှိမ့်ချဆက်ဆံမှုကို ပပျောက်စေရန်နှင့် လက်ရှိစိန်ခေါ်မှုများကို ဦးသော်တာထွန်း (MPG)မှ လည်းကောင်း၊ HIV ကဏ္ဍတွင် အဓိကပူးပေါင်း လုပ်ဆောင်ရန်နှင့် မူဝါဒကိုပြန်လည်သုံးသပ်ရန် ဒေါ်သူဇာဝင်း(SWIM)မှ လည်းကောင်း တင်ပြဆွေးနွေးသွားခဲ့ပါသည်။ ထို့နောက် ကြွရောက်လာသော ကိုယ်စားလှယ်အသီးသီးမှ ရင်တွင်းဖြစ်စကားများရေးသားခြင်း၊ မှတ်တမ်းတင်လက်မှတ်ရေးထိုးခြင်း၊ မီးထွန်းညှိဆုတောင်းခြင်းနှင့်မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးခြင်းများ ပြုလုပ်ခဲ့ကြကြောင်းသိရပါသည်။ (UNAIDS Myanmar) မှလည်းစာအုပ်နှင့် သတင်းစာရွက်များ ဝေငှခဲ့ကြောင်းလည်းသိရပါသည်။ ထိုသို့ကျင်းပခြင်းမှာ HIV/AIDS အကြောင်း လူထုအကြားပိုမိုသတိပြုမိစေရန်၊ ခွဲခြားနှိမ့်ချမှုကြောင့် ဖြစ်ပေါ်လာသော အခက်အခဲ အဟန့်အတားများကို ပယ်ဖျက်နိုင်ရန်နှင့် မျိုးဆက်သစ်လူငယ်များအား မျှော်လင့်ချက်အသစ်များဆောင်ကျဉ်းပေးရန် စသည့်ရည်ရွယ်ချက်များဖြင့် ပြုလုပ်ရခြင်းဖြစ်ကြောင်း သိရပါသည်။ထိုမီးထွန်းပွဲသို့ Catholic Health Commission President ဆရာတော်ကြီး Alexander Pyone Cho (MCHAN Episcopal Director)၊ မြန်မာနိုင်ငံကက်သလစ် HIV/AIDS ကွန်ယက် (MCHAN) နှင့် ကရုဏာမြန်မာ(KMSS) မှ ဝန်ထမ်းများလည်း တက်ရောက်ခဲ့ပါသည်။ ဤသို့ ဘာသာပေါင်းစုံ ဆုတောင်းခြင်းဖြင့် HIV/AIDS ကာကွယ်တားဆီး ကုသရေးတွင်ထိရောက်မှုရှိသည် သာမကဘာသာရေးချစ်ကြည်ရင်းနှီးမှုရရှိခြင်း၊ လူမျိုးရေးခွဲခြားမှုမရှိခြင်း၊ စသောရလဒ်ကောင်းများပေါ်ထွက်လာနိုင်ကြောင်းကိုလည်းသိရှိရပါသည်။

**Elizabeth ဟေမာလွင်(MCHAN)**

# ၅၀ ကြိမ်မြောက် ကမ္ဘာ့လူထုဆက်သွယ်ရေးနေ့ ကျင်းပခြင်းဓါတ်ပုံသတင်း













## မြန်မာနိုင်ငံလုံးဆိုင်ရာ ပထမဦးဆုံး ဓမ္မတေးသီချင်းဆိုပြိုင်ပွဲနေ့ရက်များ

**တတိယ(နောက်ဆုံး)အဆင့်ပြိုင်ပွဲနေ့ရက်များ**

**ဗဟိုအဆင့်ပထမ အကြော့ပြိုင်ခြင်း**

- နေရာ။ စိန်ပီတာ နှင့် စိန်ပေါလ်ဘုရားကျောင်း၊ အင်းစိန်၊ ရန်ကုန်မြို့။
- နေ့ရက်။ (၁၆ ၊ ၇ ၊ ၂၀၁၆)
- ဂိုဏ်းချုပ်သာသနာအသီးသီးမှပြိုင်ပွဲဝင်များထဲမှ (၁၀) ဦး ရွေးပါမည်။

**ဒုတိယအကြော့ပြိုင်ခြင်း**

- နေရာ။ စိန်ပီတာ နှင့် စိန်ပေါလ်ဘုရားကျောင်း၊ အင်းစိန်၊ ရန်ကုန်မြို့။
- နေ့ရက်။ (၂၃ ၊ ၇ ၊ ၂၀၁၆)
- ဗဟိုပထမအကြော့တွင် အောင်မြင်သွားသော (၁၀) ဦး ထဲမှ နောက်ထပ် (၅)ဦး ရွေးမည်။

**ဗဟိုနောက်ဆုံး ပြိုင်ခြင်း**

- နေရာ။ ရန်ကုန်ဆရာတော်ကျောင်းတိုက်
- နေ့ရက်။ (၂၄ ၊ ၈ ၊ ၂၀၁၆)
- နောက်ဆုံး(၅)ဦးထဲမှ ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုများရွေးပါမည်။

## အမှားပြင်ဆင်ချက်

Volume(1), No(2) စာ(၈)တွင်ပါရှိသော သက်ထွေးတမန်တော်များ၏ သနားကြင်နာခြင်း ထူးခြား ဂျူဘီလီ ပွဲတော် စာပိုဒ်(၃)တွင်ပြင်ဆင်ဖတ်ရှုပေးပါရန်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ပုပ်ရဟန်းမင်းကြီး၏ သာသနာပြုအသင်းအဖွဲ့များတာဝန်ခံဘုန်းတော်ကြီးကလည်း သာသနာပြုလုပ်ငန်းကြီး၌ ကလေးသူငယ်များ ပါဝင်ဆက်ကပ်နိုင်ကြောင်းတိုက်တွန်းအားပေးခဲ့ပါသည်။ လွိုင်ကော် သာသနာလုံးဆိုင်ရာ တာဝန်ခံဘုန်းတော်ကြီးမှလည်း ဂျူဘီလီပွဲတော်သို့ ကြွရောက်လာကြသော သန့်ရှင်းသော ကလေးသူငယ်များအားလုံး နှင့်ကြီးကြပ်ပေးသူများ၊ ရဟန်း၊ သီလရှင်၊ ကိုရင်များတို့ကို လှိုက်လှဲစွာကြိုဆိုကြောင်း မှာကြားဝေငှခဲ့ပါသည်။ ဆက်လက်ပြီး ကလေးသူငယ်များမှ တိုင်းရင်းသား အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။ ဧပြီလ(၂၄)ရက်နေ့ နံနက်(၈)နာရီ အချိန်၌ ဂိုဏ်းအုပ်ဆရာတော်ကြီးအမှူးပြု၍ ဘုန်းတော်ကြီး(၂၀)ပါးတို့နှင့်အတူ သက်ထွေး ကလေးများ၏ ဂျူဘီလီမစ္ဆားကို အတူတကွပူဇော်ခဲ့ကြသည်။ နံနက်(၁၀)နာရီအချိန်တွင် ပုပ်ရဟန်းမင်းကြီးဆိုင်ရာ သာသနာပြုအသင်းအဖွဲ့များ၏ တာဝန်ခံက သာသနာပြု အသင်းအဖွဲ့များ အကြောင်း သိကောင်းစရာများနှင့် ရန်ကုန်သာသနာမှ ဒေါ်အီစဘယ်လာပြုံးပြုံးအောင်က သန့်ရှင်းသောကလေးသူငယ်များ အကြောင်း သိကောင်းစရာများပို့ချ ဝေငှ ပေးခဲ့ကြ သည်။ နံနက်(၁၁)နာရီတွင် အဖွဲ့လိုက်ခွဲပြီး မိမိတို့၏ သတ်မှတ်ထားသောနေရာသို့ သွားရောက်ကာ ဆွေးနွေးဖလှယ်မှုများပြုလုပ်ခဲ့ကြသည်။ မွန်းလွဲ(၁း၃၀)နာရီတွင် သာသနာပြု စိပ်ပုတီးကို အတူစိပ်ပြီး ကိုယ်တော်မြတ်မင်္ဂလာကိုဖူးမျှော်ခဲ့ကြသည်။ ညနေ(၃)နာရီတွင် မိမိတို့၏ အဖွဲ့များ အလိုက် လေ့ကျင့်မှု များပြုလုပ် ခဲ့ပါသည်။ ည(၇း၀၀)နာရီတွင် ဂျူဘီလီပွဲတော်၌ တိုင်းရင်းသားအကများ၊ ဓမ္မပြဇာတ်များ ဖျော်ဖြေတင်ဆက်ခြင်း၊ ည(၁၀း၀၀)နာရီတွင်အားလုံးစုပေါင်းကာ ပျော်ရွှင်စွာကခုန်ခြင်းနှင့် ဂျူဘီလီအလံတော်ကို ပြန်လည်ရုတ်သိမ်းခြင်း ပြုလုပ်ခဲ့ကြပါသည်။ထို့နောက်ဧပြီလ(၂၅)ရက်နေ့ နံနက်(၆း၀၀)နာရီတွင် ဂျူဘီလီအပိတ် မစ္ဆားတရားတော်မြတ်ကိုပူဇော်ကာ နံနက်စာ သုံးဆောင်ကြပြီး မိမိနေရပ်သို့ ထွက်ခွာခဲ့ကြပါသည်။

သက်ထွေးများ၏ သနားကြင်နာခြင်းဂျူဘီလီပွဲတော်ကိုကျင်းပခြင်းဖြင့် ကလေးသူငယ်များတို့သည် အမိအသင်း တော်ကြီး၏ သာသနာပြုလုပ်ငန်းကြီးတွင် မိမိတို့ကလေးသူငယ်များသည်လည်း သူငယ်ဖြစ်သော ပရောဖက်ယေရမိယ၊ မုန့်ငါးလုံးနှင့်ငါးနှစ်ကောင်ကိုရက်ရောစွာပေးအပ်ခဲ့သော အမည်မသိကလေးသူငယ်ကဲ့သို့ ဆက်ကပ်ပါဝင်နိုင်သည့် သတင်း စကားကို ခံယူထွေးပိုက်နိုင်ခဲ့ကြောင်း သိရှိရပါသည်။ ဘီအောင်လင်း

Volume (1), No (2) စာ(၉)တွင်ပါရှိသော သေးငယ်သောပန်းစေတမန်သီလရှင်များ၏ဝတ်စောင့်ခြင်း ပထမပိုဒ် ဒုတိယစာကြောင်းတွင် **သီသာကုန်း**ကို **သစ်ယာကုန်း** ဟုပြင်ဆင်ဖတ်ရှု ပေးပါရန်

Volume (1), No (2) စာ(၆)တွင်ပါရှိသော ရဟန်းမင်းကြီးဖရန်စစ်**က** ဥရောပ၏အမြင့်မြတ်ဆုံး ချာလ်မင်ဂုဏ်ထူးဆောင်ဆု(Chalemagne Prize) တံဆိပ်ချီးမြှင့်ခြင်း ခေါင်းစဉ်ကို ရဟန်းမင်းကြီးဖရန်စစ်**ကို** ဥရောပ၏အမြင့်မြတ်ဆုံး ချာလ်မင်ဂုဏ်ထူးဆောင်ဆု (Chalemagne Prize) တံဆိပ်ချီးမြှင့်ခြင်းဟုပြင်ဆင်ဖတ်ရှုပေးပါရန်။ (အယ်ဒီတာချုပ်)

# ပုသိမ်ပညာရေးကော်မရှင်မှ ဆက်ကပ်ဆရာ/မ များ သင်တန်းဆင်းပွဲနှင့် စေလွှတ်ခြင်း အခမ်းအနား

ပုသိမ်ကက်သလစ် ဂိုဏ်းအုပ်သာသနာ ပညာရေးကော်မရှင်မှ ဦးဆောင်ကာ ဆက်ကပ်ဆရာ/မ များ၏ သင်တန်းဆင်းပွဲနှင့် စေလွှတ်ခြင်းအခမ်းအနားကို ၂၁၊၅၊၂၀၁၆ ပုသိမ်မြို့ မရမ်းချိုရပ်ကွက်တွင် ဆရာတော်ဂျွန်မန်းဆိန်းဟို ဦးဆောင်ကာမစ္ဆားတရားတော်မြတ်နှင့်အတူသင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲကိုစည်ကားစွာ ကျင်းပခဲ့ပါသည်။

၂၀၁၆ ခုနှစ်တွင် ပုသိမ်ပညာရေးကော်မရှင်မှ ဆရာမဒေါ်ကော်ရယ် နှင့် ဆရာဦးတင်မောင်လတ်တို့ ဦးဆောင်ကာ ဆက်ကပ် ဆရာ/မများ (၃၀)အား မေလ(၂)မှ (၂၁)ရက်နေ့အထိ မွမ်းမံသင်တန်းကို ပြုလုပ် ပေးခဲ့ပါသည်။ ဆရာ/မ များသည် ၂၀၁၆ ခုနှစ် ပညာသင်နှစ်တွင် ဧရာဝတီတိုင်းရှိ မြို့နယ် (၄)မြို့နယ်၊ ကျောင်းပေါင်း(၁၅)ကျောင်းတွင်တာဝန်ထမ်းဆောင်ရမည်ဖြစ်ပါသည်။
ဤဆက်ကပ် ဆရာ/မ များကိုမြို့နယ်များရှိ ကျောင်းများသို့စေလွှတ်ရခြင်း၏ ရည်ရွယ်ချက်မှာ ... ကျေးရွာ စာသင်ကျောင်းတွင် ကျောင်းသားလူငယ်များဘက်စုံဖွံ့ဖြိုးရေးအတွက် ကလေးဗဟိုပြု စနစ်အရ အရည်အသွေးရှိသော ပညာရေးရရှိနိုင်ရန်ပညာသင်ကြားပေးခြင်း၊မိခင်ဘာသာစကား(ကရင်စာပေ)သင်ကြားပေးခြင်း နှင့်ပတ်ဂန်ကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးမှုနှင့် လက်တွေ့လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဖြစ်ပါသည်။ ဤသင်တန်းဆင်းပွဲတွင် ဆက်ကပ် ဆရာ/မ များမှ မိမိတို့လက်မှတ်ရေးထိုးပြီးဖြစ်သော ဆက်ကပ်အပ်နှံကတိပြုလွှာများကို ဘုရားရှေ့၊ အဖဆရာတော်ရှေ့၊ ရဟန်းတော်များရှေ့နှင့်အသင်းတော်ရှေ့ မျက်မှောက်တွင်ဖယောင်းတိုင်များထွန်းညှိကာ ဆက်ကပ်အပ်နှံအဓိဌာန်ပြုရွတ်ဆိုခဲ့ကြသည်။ မစ္ဆားတရားအပြီးတွင် အဖဆရာတော်မှ ဆက်ကပ် ဆရာ/မ များအား သင်တန်းဆင်းလက်မှတ်ကိုပေးအပ်ခဲ့ပြီး မြို့နယ်များရှိကျောင်း(၁၅)ကျောင်းသို့ စေလွှတ်ခဲ့ပါသည်။

## ပုသိမ်ပညာရေးကော်မရှင်၏ သမိုင်း အကျဉ်း

၁၉၉၇ ခုနှစ် ဒီဇင်ဘာလ (၁၂)နေ့မှ (၂၀)နေ့အထိ ပုသိမ်ကက်သလစ်သာသနာ ဗဟိုမှာ ကျင်းပပြုလုပ်ခဲ့တဲ့ **ပထမဆုံးအကြိမ်ပုသိမ်သာသနာလုံးဆိုင်ရာ ဓမ္မညီလာခံကြီး** မှ ညီလာခံကိုယ်စားလှယ်အားလုံးက သာသနာတော်ကြီးရဲ့ ဦးတည်မျှော်မှန်းချက် ဖြစ်တဲ့ **ဆင်းရဲနိမ့်ကျလူ့ဘဝမှ ပြည့်စုံသာယာ ဘဝသက်တာ** ဆိုတဲ့ ခိုင်မာတဲ့ ဦးတည်ရည်မှန်းချက်ကြီးကို ချမှတ်နိုင်ခဲ့ပါတယ်။ ဒီညီလာခံကြီး အပြီးတွင်သာသနာတော်ကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံကျတဲ့ ပညာရေး လုပ်ငန်းများကို ဦးစားပေး အဆင့်(၁)အဖြစ် လုပ်ဆောင်ရန် ညီလာခံ တက်ရောက်လာတဲ့ကိုယ်စားလှယ်(၁၆၇)ဦးမှတစ်ညီတစ်ညွတ်ဆုံးဖြတ်ခဲ့သည့်အတိုင်း ပုသိမ်သာသနာ ဗဟိုပညာရေးအဖွဲ့ကို အဖွဲ့ဝင်(၁၀)ဦးနှင့် စတင်ဖွဲ့စည်း ဆောင်ရွက်ခဲ့ပါသည်။

ပညာရေးအဖွဲ့ ဖွဲ့စည်းပြီးတဲ့နောက်မှာ **ဘက်စုံကျွမ်းကျင်၊ စွမ်းအားရှင်** ဆိုတဲ့ ပညာရေးဆောင်ပုဒ်ကိုလည်း ချမှတ်အကောင်အထည်ဖော်ကာပညာရေးလုပ်ငန်းအတော်များများကိုကြိုးစားဆောင်ရွက်နိုင်ခဲ့ပါသည်။ပညာရေးလုပ်ငန်းများအနက် (၂၀၀၂-၂၀၀၃)ပညာသင်နှစ်မှစတင်ပြီး ဆက်ကပ်ဆရာ/မ များခေါ်ယူသင်တန်းပေးကာ သာသနာတော်အတွင်းလိုအပ်သည့်ဘော်ဒါများ၊ မူလတန်းကျောင်း များသို့ စေလွှတ်ပညာသင်ကြားပေးခြင်းလုပ်ငန်းကို အောင်မြင်စွာလုပ် ဆောင်နိုင်ခဲ့ပါသည်။ ထိုလုပ်ငန်းသည် ထိရောက်ပြီး အဖဆရာတော်နှင့် ရဟန်းတော်များ၊ ကျေးရွာလူထုတို့မှ အထူးအားပေးကာ ဆက်ကပ်ဆရာ/မများ(၇၂၀)ဦးအား သင်တန်းပေးမွေးထုတ်ကာ စာသင်ကျောင်းပေါင်း(၅၀)ကျောင်းသို့ မူလတန်းကျောင်းသား/သူ ပေါင်းများစွာကို စာပေသင်ကြားပေးနိုင် ခဲ့ပါသည်။ (PTN-osc)

# သဘာဂပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သဘာဝဘေးဒဏ်များနှင့် တောင်သူအခြေပြု အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်းသတင်း



သဘာဂပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သဘာဝဘေးဒဏ်များနှင့် တောင်သူအခြေပြုအလုပ်ရုံဆွေးနွေးပွဲကို ပထမဆုံးအနေဖြင့် မန္တလေးကက်သလစ်သာသနာ(ချမ်းသာကုန်း)ကျေးရွာတွင် မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာအဖြစ် (၂၀၁၆-မေလ-၁၆မှ၂၀) ရက်အထိ ပထမဆုံးအကြိမ်အဖြစ် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် မန္တလေးကက်သလစ်ဂိုဏ်းချုပ်သာသနာပိုင် ဆရာတော်ကြီးနီကောလားစ်မန်ထန်း၊မိုးလေဝသနှင့် ဇလဗေဒပညာရှင် ဒေါက်တာဦးထွန်းလွင်(ဒုညွှန်ကြားရေးမှူး-ငြိမ်း) တို့မှဦးဆောင်ကာဆွေးနွေးခဲ့ကြသည်

ဆွေးနွေးပွဲသို့ အနယ်နယ်အရပ်ရပ်ရှိသာသနာအသီးသီးမှ ကိုယ်စားလှယ် (၄၆)ယောက်ကျော် ပါဝင်တက်ရောက် ဆွေးနွေးခဲ့ကြပါသည်။ (၁၇၊၅၊၂၀၁၆)ရက် ဆွေးနွေးပွဲ ပထမနေ့တွင် ဆရာတော်ကြီးနီကောလားစ်မန်ထန်းမှCBCM–Ecology၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတာဝန်နှင့် စားနပ်ရိက္ခာဖူလုံရေး စသည်တို့ကို ဦးဆောင်ကာ တက်ရောက်လာသူများက ပါဝင်ဆွေးနွေးခဲ့ကြပါသည်။ (၁၈၊၅၊၂၀၁၆) ရက်ဆွေးနွေးပွဲဒုတိယနေ့တွင်မိုးလေဝသနှင့်ဇလဗေဒ ပညာရှင်မှရာသီဥတုဖြစ်စဉ်များနှင့်အယ်နီညိုအကြောင်း၊ညနေပိုင်းတွင် Ecology and Climate Change၊ ရေအကြောင်းနှင့်ပထဝီမြေကြီးစသည့် ခေါင်းစဉ်များဖြင့် ဆက်လက်ဆွေးနွေး ခဲ့ကြသည်။

၁၉၊၅၊၂၀၁၆ရက်ဆွေးနွေးပွဲ တတိယနေ့တွင်စားနပ်ရိက္ခာဖူလုံရေးနှင့်စိုက်ပျိုးရေးအခန်းကဏ္ဍတို့ကိုအဖွဲ့လိုက်အကြံပြုဆွေးနွေးခြင်းများပြုလုပ်ခဲ့ကြပါသည်။ ယခုကဲ့သို့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သဘာဝဘေးဒဏ်များနှင့် စိုက်ပျိုးရေးအခန်း ကဏ္ဍအလုပ်ရုံဆွေးနွေးပွဲကိုမြန်မာတစ်နိုင်ငံလုံးဆိုင်ရာ ကက်သလစ်အသင်းတော်အနေဖြင့်မန္တလေးဂိုဏ်းချုပ်သာသနာတွင် ပထမဆုံးအကြိမ်ကျင်းပခဲ့ခြင်းသည် နောင်အနာဂတ် အတွက် အစားအသောက်ဖူလုံရေး၊စိုက်ပျိုးရေးတွင် ဓါတုဗေဒပစ္စည်းများ အသုံးပြု၍ စိုက်ပျိုးမည့်အစားသဘာဝ နည်းလမ်းများဖြင့်သာ စိုက်ပျိုးစေလိုသည့်ရည်ရွယ်ချက်ဖြင့်ယခုကဲ့သို့ ဆွေးနွေးပွဲကို ပြုလုပ်ပေးခြင်းဖြစ်သည်ဟုသိရသည်။ (Pinky)

**ကက်သလစ် Studio Trinità တွင်အသံသွင်းခြင်းပြုလုပ်နိုင်ပါသည်။ ONE duty ကို (၇)နာရီသတ်မှန်ထားကာ အထူးPromotion ကာလအဖြစ် (၃၀၀၀၀)ကျပ်ဖြင့်လည်းကောင်း (သို့) တစ်နာရီလျှင်(၅၀၀၀)ကျပ်ဖြင့်လည်းကောင်း နံနက်(၈)နာရီမှ ည(၁၀)နာရီအထိ နောက်ဆုံးပေါ်စက်များဖြင့် အကောင်းဆုံးဝန်ဆောင်မှုပေးနေပါသည်။ (Studio Trinita)**









1941 -2016 (75 YRS)

## Sr. Mary Agnes Kareng, FMM (RIP) ၏အတ္ထုပ္ပတ္တိအကျဉ်းချုပ်

Sr. Mary Agnes Kareng သည် ကချင်ပြည်နယ်၊ ဗန်းမော်သာသနာ၊ ပရန်ခုဒုံကျေးရွာ၊ ၁၉၄၂ခုနှစ်၊ ဩဂုတ်လ (၁၆) ရက်နေ့တွင် ဦးကရိန်တန်နှင့် ဒေါ်ဂေါ်လူခွန်းရီတို့မှ မွေးဖွားသန့်စင်ခဲ့ပြီး မွေးချင်းပေါက်ဖော် (၁၄) ယောက်အနက် ပဥ္စမမြောက်သမီးရတနာဖြစ်ကာ မိုးမောက်မြို့မှာကြီးပြင်းခဲ့သည်။ မူလတန်းပညာအောင်မြင်ပြီး ဗန်းမော်မြို့အာဂေမာရိယားကျောင်း၌ ပညာဆက်လက် သင်ကြားခဲ့သည်။ ကလေးဘဝအရွယ်မှစ၍ Franciscan Missionaries of Mary သီလရှင်ကျောင်းတွင်ကြီးပြင်းခဲ့သည်။ ၁၉၆၁-ခုနှစ်တွင် ပြင်ဦးလွင်မြို့ သီလရှင်လောင်းကျောင်းသို့ဝင်ကာ FMM ဘဝကိုအစပျိုးခဲ့သည်။

**၁၉၆၆** ခုနှစ်ပထမသစ္စာခံယူပြီးနောက် ကနဦးသာသနာပြုရန် ချင်းပြည် မြောက်ပိုင်း ကလေးသာသနာနယ်၊ တွန်းဇံမြို့သို့ စေလွှတ်ခြင်းခံရသည်။

**၁၉၆၆**-ခုနှစ် နိုင်ငံခြားသီလရှင်များ မြန်မာနိုင်ငံမှ အပြီးမထွက်ခွာသွားမီ Mother Donal မှ Formation အတွက်ခေတ္တရန်ကုန်သို့ခေါ်သဖြင့် စိန်ဖရန်စစ်၊ တာမွေတွင် လအနည်းငယ်ကြာနေထိုင်ခဲ့ပြီးနောက် ဗန်းမော်သာသနာရှိ နန်းလိုင်ရွာသို့ စေလွှတ်ခြင်းခံခဲ့ရသည်။ ထို့နောက် တောင်ပိုင်းချင်းပြည် လုပ်ရှဲရွာသို့တစ်နှစ်တာ သာသနာပြုစေလွှတ်ခြင်းခံရသည်။

၁၉၆၉ - ခုနှစ်မှ ၁၉၇၁ ခုနှစ်ထိ ဗန်းမော်သာသနာပိုင် ဆရာတော် John Howe ( Irish ) ၏ အထွေထွေအတွင်းရေးမှူးအဖြစ် အမှုတော်ထမ်းဆောင်ခဲ့သည်။

**၁၉၇၁** - ခုနှစ်တွင် ဗန်းမော်မြို့၌ ရာသက်ပန်ကတိသစ္စာခံယူခဲ့ပါသည်။

(၁၉၇၃ မှ ၁၉၇၇) ခုနှစ် တောင်ပိုင်းချင်းပြည် လုပ်ရှဲရွာအကြီးအကဲ။

၁၉၈၀ - ခုနှစ်တွင်အီတလီပြည် ရောမမြို့သို့ မွမ်းမံသင်တန်းတစ်နှစ်

**၁၉၈၂** - ၁၉၈၈ - မန္တလေး လဖုန်းရပ်ကွက် စိန်ဂျွန်းကျောင်း၏ တာဝန်ခံအကြီးအကဲ။

၁၉၈၉ - ခုနှစ်တွင် ရန်ကုန်တာမွေ၊ စိန်ဖရန်စစ်တွင် တာဝန်ခံအကြီးအကဲ၊

၁၉၈၉-၁၉၉၅-Aspirant's Directress

၁၉၉၆ - ခုတွင် မမျှော်လင့်ဘဲအကြီးအကျယ်မမာမကျန်းဖြစ်ပြီး ရန်ကုန်မြို့သို့ ဆေးကုသရန်ခေါ်ဆောင်ခြင်း ခံခဲ့ရပါသည်။

**၂၀၁၂** - ခုနှစ်စက်တင်ဘာ (၁၇) ရက်နေ့တွင် စိန်ဖရန်စစ်အစီစီ ဘုရားကျောင်းတော်ကြီး၌ သီလရှင် ဝါတော် နှစ်ငါးဆယ် ရွှေစင်ဂျူဘီလီပွဲတော် ကျင်းပခဲ့သည်။

**၂၀၁၆** ခုနှစ်၊ မေလ (၁၂) ရက်နေ့၊ နံနက် (၂ နာရီ၊ ၃၅ မိနစ်) အချိန်တွင် အဘဘုရားရှင်၏ ထာဝရအိမ်တော်မြတ်သို့ ပြန်လည်ခေါ်ဆောင်ခြင်း ခံခဲ့ပါသည်။ **(FMM Sisters)**



1985 -2016 (31 YRS)

## Sr Teresa Sumlu Ban Lum (RIP) ၏ကိုယ်ရေးရာဇဝင် အကျဉ်းချုပ်

Sr Teresa Sumlu Ban Lum သည် အဖ ဦး ဂျိုးဇက် ဆွမ်လွတ်ဂွန်ဒွဲနှင့် အမိဒေါ်စီစီလျား လဗျကော့တို့၏ သားသမီး (၈)ယောက်အနက်(၄)ယောက်မြောက်သမီးရတနာဖြစ်သည်။ ၁၉၈၅ခုနှစ်၊ဒီဇင်ဘာလ (၉)ရက်နေ့ မြစ်ကြီးနားသာသနာ၊ ကာမိုင်းမြို့ လမောင်ကထောင်ရပ်ကွက်တွင်မွေးဖွားသည်။ ကာမိုင်းတွင် သူငယ်တန်းမှ အဌမတန်းအထိပညာဆည်းပူးကာ အထက်တန်းကို မြစ်ကြီးနားတွင်ဘွဲ့ရသည်အထိပညာဆည်းပူးခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် စိန်ဖရန်စစ်ဇေးဗီးယားသီလရှင်ဂိုဏ်းတွင် ပထမဂတိသစ္စာပြုခဲ့သည်။ မြစ်ကြီးနားတွင်တာဝန်ထမ်းဆောင်ရင်း (၂၀၁၆)ခုနှစ်၊ မေလ(၁၄) ရက်နေ့တွင် ဘုရားသခင်၏ အိမ်တော်သို့ ပြန်သွားခဲ့လေသည်။ (Sr. Easter Hkawn Bawk)

## ဘုန်းတော်ကြီး စတီးဗင်းမောင်ချို (RIP) ၏ ကိုယ်ရေးရာဇဝင် အကျဉ်းချုပ်



1946 -2016 (70 YRS)

ဟသာ်တမြို့နယ် သဃ်န်းအိုင်သာသနာ သက္ကယ်ကုန်းကျေးရွာနေ အဖဦးပီးနှင့် အမိလူဆီးယားဒေါ်ပိုင်းတို့၏မွေးခြင်း(၅)ယောက်အနက်မှ ဒုတိယမြောက်သားရတနာဖြစ်သော ကက်သလစ်ဘုန်းတော်ကြီး စတီးဗင်းမောင်ချိုသည် နိုဝင်ဘာလ(၁၈) ၁၉၄၆ ခုနှစ်တွင် သက္ကကယ်ကုန်းကျေးရွာ၌ မွေးဖွားသန့်စင်ခဲ့ပါသည်။

ဖေဖော်ဝါရီလ ၂၂ ရက် ၁၉၅၇ တွင် သဃ်န်းအိုင်သာသနာ၌ ဆေးကြောခြင်းခံယူပြီး၊ ဖေဖော်ဝါရီ ၂၁ ရက် ၁၉၅၉ ခုနှစ်တွင် ခရစ္စမားအားပေးခြင်းကို ခံယူရရှိခဲ့ပါသည်။ စိန်ဂျိုးဇက် ကက်သလစ်ရဟန်းဖြစ်သင်ကျောင်းတွင် Theology ပညာသင်ယူပြီး၊ ၁၉၇၅ ဒီဇင်ဘာ ၃ရက်နေ့၌ ရန်ကုန်စိန်မေရီ ကယ်သီဒြယ်တွင် ရန်ကုန်ဂိုဏ်းချုပ်သာသနာ ဆရာတော် ဂါဗြီအဲလ်သိုဟေးထံမှ ဦးပဥ္စင်းသိက္ခာကို ခံယူရရှိခဲ့ပါသည်။ ၁၉၇၉ မတ်လ ၂၁ရက်နေ့၌ သဃ်န်းအိုင်သာသနာတွင် ပုသိမ်ဂိုဏ်းအုပ်ဆရာတော် ဂျိုးဇက်မန်းအေရီထံမှ ကက်သလစ်ရဟန်းသိက္ခာကို ခံယူရရှိခဲ့ပါသည်။ ဘုန်းတော်ကြီး စတီးဗင်း မောင်ချိုသည် သက်တော် (၇၀)ရှိပြီး ရဟန်းဝါတော် (၄၀) နှစ်တိုင်တိုင် ဘုရားရှင် ၏ အမှုတော်မြတ်ကို သက်ထက်ဆုံးထမ်းဆောင်ခဲ့ပါသည်။

ဘုန်းတော်ကြီးသာသနာ့အမှုတော်ထမ်းဆောင်ခဲ့သောနေရာများမှာ -

၁၉၇၆- ပုသိမ်လက်ထောက် ဘုန်းတော်ကြီး

၁၉၇၆- ၁၉၈၅ လက်သမားသာသနာကျောင်းထိုင်

၁၉၈၅-၁၉၉၀ မြန်မာနိုင်ငံလုံးဆိုင်ရာ လူမှုဆက်သွယ်ရေး တာဝန်ခံဥက္ကဋ္ဌ

၁၉၉၀-၂၀၀၀ ပေါက်ဆိန်ပဲ့ကျောင်းထိုင်ဘုန်းတော်ကြီး

၂၀၀၀-၂၀၀၂ ကျုံပျော်အိုင်မ ကျောင်းထိုင်

၂၀၀၂-၂၀၀၄ ဟသ်ာတကျောင်းထိုင်ဘုန်းတော်ကြီး

၂၀၀၄-၂၀၁၆ ပုသိမ်လူထုဆက်သွယ်ရေးတာဝန်ခံဥက္ကဋ္ဌ တို့ဖြစ်ကြသည်။

ဘုန်းတော်ကြီးစတီးဗင်းမောင်ချိုသည် ၂၀၁၆ခုနှစ် မေလ၁၆ရက်ညနေ (၃း၄၅ မိနစ်) တွင် ဘုရားသခင်၏ ပြန်လည်သိမ်းပိုက်ခြင်းကို ခံရပါသည်။

ဘုန်းတော်ကြီးစတီးဗင်းမောင်ချို၏ဝိညာဉ်အတွက်ဆုတောင်းပေးကြသော ညီအစ်ကိုမောင်နှမအားလုံးကို ပုသိမ်သာသနာနှင့် ဘုန်းတော်ကြီး စတီးဗင်းမောင်ချို၏ မိသားစုကိုယ်စား အထူးကျေးဇူးတင်ရှိပါသည်။

ဘုန်းတော်ကြီးစတီးဗင်းမောင်ချို၏ ဝိညာဉ်သည် အသနားတော်မြတ်ခံရ၍ ငြိမ်သက်ချမ်းသာစွာရှိပါစေသော်။ **(PTN-osc)**



မလေးရှားရဲ့တပ်ဖွဲ့နေ့..စာ(၆)




အောက်မေ့သတိရဆုတောင်းပွဲ.. စာ(၁၆)



ဗာတီကန်မော်ကွန်း . .စာ(၃)



ဗုဒ္ဓဘုရားပွဲတော်ကြီးအပေါ်.. စာ (၅)



အီတလီနိုင်ငံကက်သလစ်ဆရာတော်ကြီးများ၏ အထွေထွေညီလာခံ ..စာ(၃)



ဖိလစ်ပိုင်သမ္မတသစ်..စာ(၆)





ဆလေးရှင်း သီလရှင်များ ...စာ(၁၄)



ယနေ့ခေတ်မီဒီယာ ...စာ(၈)



တိုက်နယ်ဖွင့်လှစ်ခြင်း (၂၅)နှစ်ပြည့် .. စာ (၁၂)



ကျမ်းစာဦးဆောင်သူများသင်တန်း.. စာ (၇)



သီလရှင်ဘဝအသက်တာ စာ (၁၃)



ကရုဏာရေးသီလရှင်များ မြန်မာပြည်သို့ ရောက်ရှိလာခြင်းနှင့် စိန့်မေရီသီလရှင်ကျောင်းနှစ်(၁၀၀)ပြည့်... စာ(၁၃)